www.burmeseclassic.com



BURMESE CLASSIC .com

ဒေါက်တာခင်မောင်ညို

# အောင်ပန်းဆင်ရွပစ်မှတ်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက် – ၄၀၁၃၉၂၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက် – ၄၀၀၁၁၀၆၀၁

| | |
|---|---|
| ထုတ်ဝေသူ | ဦးခင်မောင်ကြွယ် (မြ-၀၃၇၅၀)<br>အမှတ် – ၁၉ (မြေညီထပ်)<br>ခြံအမှတ် (၂၇)<br>ယောမင်းကြီးလမ်းသွယ်<br>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ဝင်းဝင်းအေး (မြ-၀၆၇၄၉)<br>ကောင်းသန့်ပုံနှိပ်တိုက်<br>အ-ထ-က (၆)၊<br>ဗိုလ်တထောင်ကျောင်းဝင်း။<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံး | ဝင်းယုမောင် |
| ကွန်ပျူတာ | ကိုတင်ထွန်း |
| အတွင်းဖလင် | မဟာမီဒီယာ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| ပြီးစီးသည့်ကာလ | ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ |
| စာအုပ်ချုပ် | စိန်ကြည် |
| ဖြန့်ချိရေး | ကောင်းသန့် စာပေ<br>အမှတ် ၂၀၉၊ ပ-ထပ်(ယာ)<br>၃၈ လမ်း(ထက်)၊ ရန်ကုန်မြို့။<br>ဖုန်း – ၃၈၃၄၂၃ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၀၀၀ ကျပ် |


ဒေါက်တာခင်မောင်ညို

# အောင်ပန်းဆင်တဲ့ ပစ်မှတ်

ခံစားတွေးမြင်စာစဉ်များ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


■ မိတ်ဆက်

၁။ ဦးနှောက်ရဲ့ ဥပဒေသ ၃

၂။ စိတ်နှင့်ရုပ်ရဲ့ ညီမျှခြေဥပဒေသ ၉

၃။ အကျိုးအကြောင်း ဆက်သွယ်မှုနိယာမ ၁၅

၄။ ဆောင်ရွက်လိုစိတ် နိယာမ ၂၁

၅။ အောင်မြင်လိုလျှင် ၂၇

၆။ အောင်ပန်းဆင်တဲ့ ပစ်မှတ် ၃၃

၇။ ကန့်သတ်ချက် မရှိပါ ၃၉

၈။ ဘဝသင်ခန်းစာများ ၄၅

၉။ ရိုးရိုးကျင့်မြင့်မြင့်ကြံ ၅၁

၁၀။ အိုင်ဒီယာ ၅၇

၁၁။ အောင်မြင်ခြင်း ၆၅

၁၂။ ပြင်ဆင်ထားပါ ၇၃

၁၃။ ကြောက်ရွံ့ခြင်း ၈၁

၁၄။ ဖုံးကွယ်နေတဲ့ စွမ်းရည် ၈၇

၁၅။ ခြွင်းချက်တွေနဲ့ ဘဝ ၉၃

၁၆။ ဆုံးရှုံးခြင်းနှင့် ကြောက်ရွံ့ခြင်း ၉၉

၁၇။ ဆုံးရှုံးမှုမှရတဲ့ အခွင့်အရေး ၁၀၅

၁၈။ အကျင့်နှင့်ပတ်သက်သော နိယာမ ၁၁၃

၁၉။ စကားပုံလေးကို ခံစားကြည့်ပါ ၁၂၁

၂၀။ ဘဝဆိုတာ ၁၂၇

၂၁။ အစစ်အမှန် ၁၃၃

၂၂။ ထူးချွန်မှု ၁၃၇

၂၃။ ဖန်တီးမှု နိယာမ ၁၄၁

၂၄။ တရားသေ မထားရှိခြင်း ၁၄၇

၂၅။ ပေးကမ်းခြင်း ၁၅၃

၂၆။ စီးပွားရေးမှာ အောင်မြင်ခြင်း ဥပဒေသ ၁၅၉

၂၇။ ကြီးတာဟာ ကောင်းတာလား ၁၆၇

၂၈။ နှစ်ဆယ်နဲ့ ငါးဆယ် ၁၇၁

၂၉။ စာရေးဆရာများအတွက် ၁၇၇

၃၀။ ရှုံးတော့ ရှုံးတာပေါ့ ဒါပေမဲ့... ၁၈၃

၃၁။ မိန်းမတွေနှင့် ပတ်သက်၍ ၁၈၇


■

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆက်

ကမ္ဘာ့စာပေနဲ့ အဆက်အသွယ် ပြုလုပ်ရာမှာ 'အင်္ဂလိပ်စာ' ကို မီဒီယမ် (Medium) တစ်ခုအနေနဲ့ အသုံးချနိုင်တာ အင်မတန်အဆင်ပြေတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ ကိုလိုနီဆိုးမွေတွေထဲက အင်္ဂလိပ်စာနဲ့ ရင်းနှီးခြင်းဆိုတဲ့ ကောင်းမွေလေးတစ်ခုကို လက်ခံထားရှိလို့ပါပဲ။

နောက်တစ်ချက်က အင်္ဂလိပ်စာဟာ ယခုလက်ရှိ ကမ္ဘာမှာ အတွင်ကျယ်ဆုံးဖြစ်ပြီး လူသန်းပေါင်းများစွာ အသုံးပြုနေကြလို့ပါပဲ။ အထူးသဖြင့် ယနေ့ 'အင်တာနက်ခေတ်' သို့မဟုတ် 'သတင်းအချက်အလက်ခေတ်' ထဲမှာ ကွန်ပျူတာရဲ့ အရေးပါ အရာရောက်မှုဟာ အင်္ဂလိပ်စာတတ်မြောက်မှုအပေါ်မှာ အနည်းနဲ့ အများဆိုသလို မူတည်နေလို့ပါပဲ။

တရုတ်ပြည် လူဦးရေ သန်း ၆၀၀၀ ထဲက သန်း ၁၀၀ ကျော်ဟာ ယနေ့မှာ အင်္ဂလိပ်စာကို သင်ကြားနေကြပြီဖြစ်တယ်။ ဂျပန်တို့လည်း ဒီလိုပါပဲ၊ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာသုံးပြီး သင်ကြားနေကြတယ်။

ဒီတော့... ယခု 'အောင်ပန်းဆင်တဲ့ ပစ်မှတ်' ဆိုတဲ့ ဆောင်းပါးတွေထဲမှာ အင်္ဂလိပ်စကားပြော၊ ကဗျာတွေ၊ အဆိုအမိန့်တွေ၊ အတွေးအခေါ်တွေကို လူငယ်တွေနဲ့ မိတ်ဆက်ပေးလိုတာကြောင့် မူရင်း အင်္ဂလိပ်ဘာသာ ဆောင်းပါးတွေကို ဖော်ပြထားတာ ဖြစ်တယ်။

အဲဒီဆောင်းပါးတွေထဲမှာ စိတ်ဓာတ်လေးတွေ မြင့်လာစေဖို့အတွက်ကိုလည်း အတော်လေး ဂရုတစိုက်နဲ့ ဖော်ပြထားပါတယ်။ အချို့ အဆိုအမိန့်၊ အတွေးအခေါ်တွေဟာ ယနေ့ခေတ်နဲ့ မကိုက်ညီတော့ပါဘူး။ ဒါဆိုရင် မိမိသဘောထားနဲ့ တိုက်ဆိုင်ဆုံးဖြတ်ပါ။

နမူနာအနေနဲ့ အောက်မှာ ကမ္ဘာ့အချမ်းသာဆုံး တစ်ဦးဖြစ်တဲ့ Bill Gates ရဲ့ အဆိုအမိန့်လေးတစ်ခုကို ထည့်ထားတယ်၊ ဖတ်ကြည့်ရအောင်။

> 'Once you embrace unpleasant news not as negative, but as an evidence of a need for change, you aren't defeated by it, you're learning from it.
>
> ***Bill Gates***
>
> ***(Business @ The Speed of Thought)***

www.burmeseclassic.com

www.burmeseclassic.com

'မကောင်းတဲ့သတင်း ကြားရတဲ့အခါ ကြေကွဲခြင်း၊ စိတ်ဆင်းရဲခြင်း တွေနဲ့ ဖက်တွယ်ထားဖို့ မဟုတ်ဘူး။ ဒါတွေဟာ အပြောင်းအလဲတစ်ခုခုကို ပြုလုပ်တဲ့အခါ သက်သေတွေပဲပေါ့။ ဒါတွေနဲ့ သင်ဟာ အဆုံးအရှုံးခံတာ မဟုတ်ဘူး။ ဒါတွေကနေ သင်ခန်းစာရယူဖို့ပါ။

*ဘီလ်ဂိတ်*

အောင်မြင်တဲ့ပစ်မှတ်ဟာ ကာယစွမ်းအားမဟုတ်ဘူး။ ဉာဏစွမ်းအားသာ ဖြစ်တယ်။

■

BURMESE CLASSIC .com



# ဦးနှောက်ရဲ့ ဥပဒေသ



www.burmeseclassic.com

www.burmeseclassic.com



## The Law of Mind

All causation is mental.
Your thoughts become your realities.
Your thoughts are creative.
You become what you think about most of the time.

Think continually about the things you really want.
And refuse to think about the things you don't want.

*(Universal Laws of Success)*



## ဦးနှောက်ရဲ့ ဥပဒေသ

ဖြစ်သမျှအားလုံးဟာ စိတ်ပဲ။
(စိတ်သာ ရှင်စောဘုရားပေဟာ ဆိုတာမျိုးပေါ့)
သင် စဉ်းစားတာတွေဟာ တစ်ချိန်မှာ အစစ်အမှန်တွေ ဖြစ်လာတယ်။
သင် စဉ်းစားတာတွေဟာ တီထွင်တွေးခေါ်ဖန်တီးတာတွေပါပဲ။
သင် အမြဲတမ်းဖြစ်ချင်တာတွေဟာ သင်ဖြစ်လာတာပါပဲ။ သင်လိုချင်တာတွေ သင်ဖြစ်ချင်တာတွေကို စဉ်းစားပါ။
မဖြစ်ချင်တာတွေကိုတော့ လုံးဝမစဉ်းစားနဲ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အလယ်ခေတ်က လူတွေရဲ့အတွေးတွေ ပျံ့လွင့်ကာ စဉ်းစားတတ်လာကြတယ်။

အဲဒီကာလမှာ လူတွေဟာ လယ်ယာစိုက်ပျိုးလာတယ်။

မွေးမြူရေးတွေ လုပ်လာကြတော့ အားလပ်ချိန်တွေ ရလာတယ်။

ဒီမှာ နှစ်ပိုင်းကွဲသွားတယ်။

သဘာဝတ္တတရားကို အထူးတလည်ယုံကြည်တဲ့ သိပ္ပံပညာကို လေ့လာသူတွေရယ်...

ဘာသာရေးကို အထူးယုံကြည်လေ့လာလိုက်စားသူရယ်လို့ နှစ်ပိုင်းကွဲလာကြတယ်။

အားလုံးသိကြတဲ့အတိုင်း လူတွေဟာ တစ်ဖက်ထဲမှာရှိတာတော့ မဟုတ်ဘူးပေါ့။

အရောင်နဲ့ပြောရင် လူတွေမှာ အဖြူရောင်ဆိုတာမရှိဘူး။ အမည်းရောင် သက်သက်ချည်းလည်း မရှိဘူး။

အဖြူနဲ့ အမည်းအကြား မီးခိုးရောင်မှာ နေကြတယ်။

ဒီအခါ 'စိတ်ပညာဆရာများ၊ နတ်ဝင်သည်များ၊ ဗေဒင်ဆရာများ' ဟာ လူရာဝင်လာကြတယ်။

ဘာကြောင့်လဲဆိုတော့ လူမှာ စွမ်းအင်ပိုတင်ရှယ် ရှိတယ်။

ပိုတင်ရှယ်ကိုပြောရရင် ရေတံခွန်ကို ဥပမာပြလေ့ရှိတယ်။

ရေတံခွန်က ရေ (တောင်ပေါ်က ရေပေါ့)။ အဲဒါနဲ့



တောင်အောက်က ရေ အတူတူပဲ။

ဒါပေမဲ့ တောင်ပေါ်ကရေမှာ စွမ်းအားပိုတင်ရှယ် (potential) ရှိတယ်။

မရယ်ပါနဲ့ တကယ်ပြောတာပါ။

တောင်ပေါ်က ရေကနေ လျှပ်စစ်စွမ်းအင်ထုတ်လို့ရတာ လူတိုင်းသိတယ်။

လောပိတရေတံခွန်က ရေအားလျှပ်စစ် (Hydro power) ထုတ်တယ်။ လောပိတရေတံခွန်က ရေဟာသာမန်ရေပဲ။ ဒါပေမဲ့ သူက အမြင့်မှာရောက်နေတာကိုက (potential) ရှိနေတာပဲပေါ့။

လူမှာ ပိုတင်ရှယ်ရှိတာ ဘယ်လိုသက်သေပြမလဲ။

လူတစ်ယောက်ကို စာသင်ပေးပါ၊ သူတတ်တယ်။ ကားမောင်းသင်ပေး၊ တတ်တယ်။

တတ်တာဟာ သင်တာချည်းကြောင့်မဟုတ်ဘူး။ သူ့မှာ (potential) ရှိလို့ပဲပေါ့။

(potential) မရှိတဲ့ ခွေးတွေ၊ ကြောင်တွေကို ဘယ်သူကမှ ကွန်ပျူတာသင်ပေးလို့ မရဘူး။

အောဘီစီဒီ၊ ကကြီး၊ ခကွေး သင်ပေးလို့မရဘူး။

ဒီတော့ စွမ်းအားရှိတဲ့လူသားတွေကို စွမ်းအားတွေ ထက်လာအောင် လုပ်ပေးဖို့ပဲ လိုတာပေါ့။

ဗေဒင်တွေ၊ နတ်ဝင်သည်တွေ၊ စိတ်ပညာရှင်တွေဟာ လူတွေကို စိတ်ချမ်းသာစေတဲ့ စကားအများစုကိုသာပြောတာ ဖြစ်တယ်။

ဒီတော့... လူတွေစိတ်ထဲမှာ ကိန်းအောင်းနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မှု၊ ကြောင့်ကြမှုတွေကို ပယ်လိုက်ပါ။ ဒီအခါမှာ လူတွေရဲ့စွမ်းအင်တွေဟာ ပီပြင်လာတာပါပဲ။

အထက်ကစာပိုဒ်မှာ...

ဖြစ်သမျှအားလုံးဟာ စိတ်ပဲ။

သင် စဉ်းစားတာတွေဟာ တစ်ချိန်မှာ အစစ်အမှန်တွေ ဖြစ်လာတယ်... လို့ ရေးထားတာဖြစ်တယ်။ အင်္ဂလိပ်လို...

All causation is mental.

Your thoughts become your realities.

Your thoughts are creative.

လို့ ဆိုထားတာပေါ့။

မိမိတို့မှာရှိတဲ့ စွမ်းအင်ကို အထင်မသေးပါနဲ့။

မိမိကိုယ်ကို လျှော့မတွက်ပါနဲ့။

ကောင်းတာကို စဉ်းစားပါ၊ ကောင်းတာဖြစ်မှာပါ။

■



# စိတ်နှင့်ရုပ်ရဲ့ ညီမျှခြေဥပဒေသ



www.burmeseclassic.com

www.burmeseclassic.com



## The Law of Mental Equivalency

The world around you is the
physical equivalent of the world
within you.
Your main job in life is to create,
within your own mind,
the mental equivalent of your
life you want to live.

Imagine your ideal life, in every
respect.
Hold that thought until it
materializes around you.

*(Universal Laws of Success)*

BURMESE CLASSIC .com



## စိတ်နှင့်ရုပ်ရဲ့ ညီမျှခြေဥပဒေသ

သင့်ပတ်ဝန်းကျင်က ရုပ်ပိုင်းဆိုင်ရာကမ္ဘာဆိုတာ
သင့်ကိုယ်တွင်းမှာရှိတဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ညီမျှ
ခြေမှာ ရှိနေတယ်။
သင်ရဲ့ အဓိကအလုပ်ကတော့ သင်ရဲ့ ကိုယ်တွင်း
မှာ သင်လိုချင်တဲ့ဘဝနဲ့ ပြင်ပက လိုအပ်ချက်
ညီမျှအောင် ညှိပေးဖို့ပဲဖြစ်တယ်။
သင်လိုအပ်တဲ့ စံပြုစရာဘဝကို အဘက်ဘက်က
စဉ်းစားထားပါ။
အပြင်မှာ ဒီလိုအပ်တာတွေရလာတဲ့အထိ စဉ်းစား
ထားတဲ့ အတွေးတွေကို လျှော့မပေးပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာလည်း စိတ်နဲ့ ဆိုင်တဲ့ အတွေးတွေ ဖြစ်တယ်။

လူနဲ့ ပတ်ဝန်းကျင်ကို ပိုင်းခြားပြသထားတာကို နားလည်မလားပဲ။

ဒါကြောင့် နည်းနည်းထပ်ရှင်းချင်တယ်။

လူတွေရဲ့ အတွင်းစိတ်ကို ကမ္ဘာတစ်ခုလို့ ယူဆနိုင်တယ်။

မိမိရဲ့ စိတ်ကမ္ဘာထဲမှာ မိမိကြိုက်သလို နေနိုင်တယ်၊ ဖြစ်ချင်တာ ဖြစ်နိုင်တယ်ဆိုတယ်။

ဒါပေမဲ့... မိမိကပေးဖြစ်မှ ဖြစ်ရတာပါပဲ။

ဘာကြောင့်လဲဆိုတော့... မိမိဟာ ပြင်ပရုပ်ပိုင်းဆိုင်ရာနဲ့ ဆက်စပ်နေလို့ပဲ။

ဥပမာအားဖြင့်... လူတစ်ယောက်ဟာ ဒူးရင်းသီးကို မစားဘူးရင် သူ့ရဲ့အရသာကို ခံစားကြည့်လို့မရဘူး။

လေယာဉ် မစီးဘူးတဲ့လူ (တီဗီတို့၊ ဂိမ်းတို့မှာ အတုမလုပ်ဘူးသူတွေကောပေါ့) သူတို့ဟာ အဲဒီအရသာကိုသိမှာ၊ ခံစားနိုင်မှာ မဟုတ်ဘူး။

လှေမစီးဘူး၊ လှည်းမစီးဘူးတဲ့ လူတွေဟာလည်း လှေရဲ့အရသာ၊ လှည်းရဲ့ အရသာကို သဘောပေါက်မှာ မဟုတ်ဘူး။

ဒါဆိုရင် စိတ်နဲ့ရုပ်ဟာ တစ်ခုနဲ့တစ်ခု အမှီသဟဲပြုနေတာ သေချာပြီလို့ဆိုနိုင်တယ်။ ဘယ်လိုသဘောလဲ။

လူတွေ ငြင်းခုံနေကြတာ ကြာပါပြီ။



စိတ်ကြောင့် ရုပ်ဖြစ်တယ်၊ ရုပ်ကြောင့် စိတ်ဖြစ်တယ်ဆိုတာ ကြက်ဥအစ ရှာမရသလိုပါပဲ။

ကြက်ဥအစ ရှာမရဘူးဆိုတာ သိကြရဲ့လား။

ကြက်ဥကို အစရှာတာ မဟုတ်ဘူး။ ကြက်ဥနဲ့ ကြက်မ ဘယ်သူက စဖြစ်လဲဆိုတာကို ရှာတာပဲ။

စိတ်နဲ့ ရုပ်လည်း ဒီသဘောမျိုးပဲပေါ့။

ဘယ်သူက ဘယ်သူ့ကြောင့် ဖြစ်တာထက် တစ်ခုနဲ့တစ်ခု အမှီပြုနေတာ ထင်ရှားရင်တော်ပါပြီ။

သူတို့ဟာ ဆိုဗီယက်က အမူးသမားလိုနေကြရတယ်။

ဘာကြောင့်လဲဆိုတော့... ဆိုဗီယက်မှာ အရက်မူးလို့ လမ်းမှာလဲရင် ရဲဖမ်းတယ်။

မဖမ်းရင် သေကုန်မှာ...။ အင်မတန်အေးတဲ့ နေရာပါ။

ဒါကြောင့် အရက်မူးသမားတွေဟာ ပတ်တရောင်ရဲ လာတဲ့အခါ လဲမှာစိုးလို့ တစ်ယောက်ကို တစ်ယောက် မှီထားရသတဲ့။

ဒီအတိုင်းပဲ အတွင်းစိတ်နဲ့ အပြင်ရုပ်ဟာ မှီနေကြတယ်။

ဒီသီအိုရီသဘောကို လက်ခံရင် သူတို့ဟာ ကျခြေမှာ ရှိတယ်လို့ဆိုတာ လက်ခံနိုင်မယ် ထင်ပါတယ်။

ဒါကြောင့် The world around you is the physical equivalent of the world within you. လို့ ဆိုထားတာ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက... သင့်ကိုယ်တွင်းမှာရှိတဲ့ စိတ်နဲ့ ပတ်ဝန်းကျင်က ရုပ်တို့ဟာ ညီမျှခြေမှာရှိနေတယ်တဲ့။

Imagine your ideal life in every respect. Hold that thought until it materializes around you. ဆိုတာကို လေ့လာရင် အင်မတန်နိုင်မာတဲ့စိတ် ထားဖို့ပဲ။

လိုတာတွေရတဲ့အထိ ကြံကြံခိုင်ဖို့ စိတ်မှာ တည်ဆောက်ပါ။

ရမှာ မလွဲမသွေပဲတဲ့။

■

BURMESE CLASSIC .com



## အကျိုးအကြောင်း ဆက်သွယ်မှုနိယာမ



www.burmeseclassic.com

www.burmeseclassic.com



## The Law of Cause and Effect

Every thing happens for a reason. For every cause there is an effect.
Whether you know it or not there is a specific cause or causes.
There is no accident.

You can have anything you want in life if you can first decide exactly what it is, and then - do the thing that others have done to achieve the same result.

***(Universal Law of Success)***



## အကျိုးအကြောင်း ဆက်သွယ်မှုနိယာမ

အဖြစ်အပျက်တိုင်းမှာ အကျိုးသက်ရောက်မှု တစ်ခုတော့ရှိတယ်။
ဘာမဆိုဖြစ်တာတွေဟာ အကြောင်းရှိသတဲ့။
ဖြစ်တိုင်း ပျက်တိုင်းမှာ သင်သိသိ မသိသိ အကြောင်းတစ်ခုခု ဒါမှမဟုတ် အကြောင်းတွေတော့ ရှိတာပါပဲ။
မတော်တဆဖြစ်လာတယ်ဆိုတာ မရှိဘူးတဲ့။
ဘဝမှာ သင်လိုချင်တာအားလုံးကို သင်ရပါတယ်။
သင် ဘာလိုချင်လဲ သင်သိရင်ပေါ့လေ။
သူများတွေ သူတို့ လိုချင်တာကို လုပ်တာကို ကြည့်ပါ။
သူတို့လုပ်သလို လုပ်ရင်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက Universal Law of Success မှာပါတာတွေထဲက The Law of Cause and Effect ကို ကောက်နုတ်ဖော်ပြထားတာ ဖြစ်တယ်။

ဒီနိယာမကို ဗုဒ္ဓဘာသာဝင်တွေ သိထားနှင့်ပြီး ဖြစ်တယ်။

အနောက်တိုင်းအမြင်ကို ဖတ်ရှုနိုင်အောင် တင်ပြတာပါ။ ပိုစုံလင်လို့ တင်ပြတာလည်း မဟုတ်ပါဘူး။

ရှုထောင့်တွေအမျိုးမျိုးကို မြင်အောင် တင်ပြတာ ဖြစ်တယ်။

ဒါပေမဲ့... ငယ်ငယ်ကတည်းက လွဲမှားစွာ မှတ်သားမိကြတယ်။ မိဘများက မှန်ကန်စွာ သင်ကြား မပေးနိုင်ကြဘူး။

ဆရာတွေကလည်း မှားယွင်းစွာ ပို့ချကြတယ်။

ဥပမာ... အကြောင်းတစ်ခုကိုမေးရင် အကျိုး အကြောင်း မပြောတော့ဘူး။

'ဒါ... အမေပြောလို့' ဆိုတာမျိုးပဲ ပြောကြတယ်။ ဆရာတွေကလည်း 'ဒီလိုပဲ မှတ်ထားလို့' ပြောတတ်တယ်။

ဆရာတွေ၊ မိဘတွေက အားလုံးတော့ မသိကြဘူးပေါ့။

'သစ်ရွက် ဘာလို့စိမ်းလဲ' လို့မေးရင် သူ့ဘာသာ စိမ်းချင်လို့ စိမ်းတယ်ပြောတာပဲ။

ကလေးတွေရဲ့ စူးစမ်းလိုစိတ်ကို ပျက်ပြယ်စေတာပေါ့။

သစ်ရွက်ဟာ သူ့ဘာသာသူတော့ မစိမ်းပါဘူး။



သူ့ရဲ့အရောင်ကို စိမ်းစေတာက အထဲမှာပါတဲ့ ကလိုရိုဖီးလ် ကြောင့်ပဲ။

ကလိုရိုဖီးလ်ဆိုတာ သစ်ပင်တွေ အစာချက်တဲ့ ပစ္စည်းတစ်ခုပဲ။ သူဟာ အပင်တွေအများမှာ ရှိတယ်။

သူက... အလင်းရောင်အားလုံးကို စုပ်ယူကာ အစိမ်းရောင်ကို ပြန်ထုတ်ပေးတာကြောင့် အစိမ်းရောင် မြင်တာ ဖြစ်တယ်။

စိမ်းချင်လို့ စိမ်းတာ မဟုတ်ဘူးပေါ့။

မိဘတိုင်း၊ ဆရာတိုင်းက ဒါကို သိစရာတော့ မလိုပါဘူး။ ဒါပေမဲ့... ကလေးတွေကို 'အကြောင်းတွေ ရှိတာကို' တော့ ပြောထားသင့်တယ်။ သူတို့အတွက် ဖတ်စရာတွေကိုဖတ်ဖို့ အကူအညီတော့ ပေးနိုင်တာပေါ့။

နောက်... လွဲမှားတဲ့ ရိုးရာယုံကြည်ချက်တွေနဲ့ ပတ်သက်တာတွေကို ဆွေးနွေးချင်တယ်။

'ကြက်ဖတွန်မှ မိုးလင်းမယ်' ဆိုတာမျိုးပေါ့။

ကြက်ဖတွန်တာနဲ့ မိုးလင်းတာဟာ ဘာမှ ဆက်စပ်မှု မရှိဘူး။ သူ့သဘာဝအရ တွန်တာပါ။

ဒါပေမဲ့... လူတွေက အစဉ်အလာစကားဆိုတော့ ယုံကြည်လာကြတာပါပဲ။

အဆက်အစပ်တွေ ဘယ်လိုမှ မရှိတာတွေကို ယုံတာပဲ။

မိုးကြိုးပစ်တာ နတ်သိကြားတွေ ငမိုက်ရှင်တွေ ပန်တီးတယ်လို့ ယုံကြည်တာတွေရှိတယ်။

ဒီအတိုင်းပဲ မီးလောင်တာတို့ ငလျင်ကြီးတာတို့ဟာ သဘာဝလွန် စွမ်းဆောင်ချက်တွေလို့ ထင်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါကဆိုရင် စုန်းပြုစားလို့ လူတွေဒုက္ခရောက်တယ်လို့ ယူဆတာပဲ။ နတ်ဆိုးတွေ မကြိုက်တာတွေလုပ်လို့ ဒုက္ခရောက်တယ်လို့ ယူဆတာပဲ။

သူတို့ကို ပူဇော်ပသကြတယ်၊ ယဇ်ပူဇော်တယ်၊ ဗလိနတ်စာ ကျွေးကြတာတွေပေါ့။

ကျွန်တော်တို့ခေတ်မှာထိ အယူသီးတာတွေ ရှိနေကြတုန်းပဲ။ ရိုးရာပဲ ဘာမှပင်ပန်းတာမှ မဟုတ်ဘဲ။

ဒီလိုနဲ့ ဒီအယူသီးမှုတွေဟာ အစဉ်အလာမပျက် တည်နေတာဖြစ်တယ်။

ဒီကိစ္စဟာ အပန်းမကြီးပေမယ့် လူတွေရဲ့ အတွင်းစိတ်မှာတော့ ဒဏ်ရာရစေတယ်။

ဘာကြောင့်ဆိုတာ အတိအကျမသိဘဲ လုပ်ရတာရယ်။

အကျိုးအကြောင်း ဆက်နွယ် တွေးတတ်တဲ့ အကျင့်တွေ ပျက်ယွင်းလာတာရယ်။

လူတွေရဲ့ ကြီးကျယ်မြင့်မြတ်မှုတွေကို သတိမပြုမိတာတွေရယ် စတဲ့ အကြောင်းတွေကြောင့်ပါပဲ။

လူငယ်တွေ စဉ်းစားကြပါ။

အဖြေရှာကြပါ။


အရာရာတိုင်းပေါ့။ တစ်ခုခုဖြစ်ရင် (အကျိုးတစ်ခုဖြစ်လာရင်) အကြောင်းဆိုတာ ရှိကို ရှိတယ်။

Everything happens for a reason. For every cause there is an effect. လို့ ဆိုထားတာပဲ။ လေ့လာကြပါ။

■



# ဆောင်ရွက်လိုစိတ် နိယာမ



www.burmeseclassic.com

www.burmeseclassic.com



**The Law of Willingness**

Your most valuable asset can be your willingness to persist longer than anyone else.

Your inner voice will ultimately guide you to say and do the right things at the right time. Learn from the experts, you will not live long enough to figure it all out for yourself.

*(Personal Achievement)*



## ဆောင်ရွက်လိုစိတ် နိယာမ

သင့်ရဲ့ အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုဟာ သင့်ရဲ့ ဆောင်ရွက်လိုစိတ်ပါပဲ။

အဲဒီ... ဆောင်ရွက်လိုစိတ်ဟာ အားလုံးထက် တာရှည် တည်တံ့နေခြင်းရှိလေ တန်ဖိုးရှိလေ ပါပဲ။

သင့်ရဲ့ အတွင်းစိတ်သန္တာန်က သင့်ကို ဘယ်နေရာမှာ ဘာပြောရမယ်၊ ဘယ်နေရာမှာ ဘာလုပ်ရမယ် ဆိုတာကို လမ်းညွှန်သွားမှာ ဖြစ်တယ်။

တတ်သိသူတွေဆီကနေ သင်ယူပါ။ မိမိဘာသာ မိမိ အတွေ့အကြုံကနေ လေ့လာရင်တော့... အချိန်မရှိဘူး။

သေတဲ့တိုင်အောင် ပြီးမှာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဒါလေးလုပ်မယ်' ဆိုပြီး တော်ကြာရင် မလုပ်တော့သူတွေ များစွာရှိတယ်။

စိတ်မရှည်ကြဘူးပေါ့။

သူတို့ကို ကျွန်တော်တို့က သည်းမခံနိုင်သူတွေလို့ ခေါ်တယ်။

သူတို့ဟာ အလုပ်ကို တစ်ခုပြီးတစ်ခု ပြောင်းသွားတတ်တယ်။ တစ်ခုအောင်မြင်တဲ့အထိ မစောင့်နိုင်ကြဘူး။

လူတစ်ယောက် ဒါအောင်မြင်တယ်ဆိုရင် အဲဒါလိုက်လုပ်တော့တာပဲ။

နောက်မှ... စိတ်ပျက်ပြီး ပြန်ထိုင်သူတွေရှိတယ်။

ဒီလူတွေမှာ ဆောင်ရွက်လိုစိတ်တော့ ရှိတယ်။ သည်းခံဆောင်ရွက်လိုစိတ်တော့ လိုတယ်။

ဥပမာ... ရန်ကုန်က မန္တလေးသွားဖို့ဆိုရင် သည်းခံရတယ်။ အချိန်စောင့်ရတယ်။ ဘာနဲ့သွားသွား အချိန်ယူရတာပါပဲ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာ မရောက်ကြဘူး။

ဒါကြောင့်... သည်းခံစောင့်ဆိုင်းတာ လူ့ဘဝရဲ့ အရေးပါတဲ့ အချက်တစ်ခုပဲ။

ဘာလုပ်လုပ် အလျင်လိုကာ ဒေါနဲ့ မောနဲ့ လုပ်လို့မရဘူး။

ဘဝဆိုတာ ရေရှည်ပြေးပွဲသာ ဖြစ်တယ်။



ဒီလိုလုပ်ကိုင်နေစဉ်မှာ ဘာတွေ လုပ်ရမယ်ဆိုတာကို မိမိရဲ့အတွင်းစိတ်ကနေ မိမိကို လမ်းညွှန်မှာဖြစ်တယ်။

ဘာကြောင့် လမ်းညွှန်နိုင်လဲဆိုတော့ အတွင်းစိတ်မှာ အချက်တွေရလာပြီဖြစ်လို့ပဲ။ ဒီအချက်အလက်တွေကို မိမိအရင်က သိထားတဲ့ အချက်တွေနဲ့ယှဉ်ပြီး ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်လာနိုင်တယ်။

ဒါကို မိမိကိုယ်တိုင် ဘာမှလုပ်စရာမလိုဘူး။ အချိန်လေးပဲပေးဖို့ လိုတယ်။

Your inner voice will ultimately guide you လို့ ဆိုထားသလိုပဲ။ သင့်အတွင်းစိတ်က လမ်းပြသွားမှာ ဖြစ်တယ်။

ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ ဒီလိုစောင့်ပြီး သိရတာတွေ ရှိတယ်။

ဥပမာ... အော်ဂဲနစ်ဓာတုဗေဒမှာ အရေးကြီးတဲ့ ဘင်ဇင်းရဲ့ တည်ဆောက်ပုံကို သိပ္ပံပညာရှင် ကက်ကူလေး 'Kekule' က...

အိပ်မက်လို မျောက်မျဉ်းနေစဉ်မှာ မြင်တာပဲ။

အက်တမ်တည်ဆောက်ပုံကို အရေးပါတဲ့အချက်အလက်တွေပေးခဲ့တဲ့ နိုဘယ်ဆုရှင် ဘိုး (Bohr) ကလည်း အလိုအလျောက်သိရှိတာပဲ။

အယူသီးသူတွေက နတ်သိကြားမဟု မတယ်လို့ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



နတ်သိကြားတွေ မရင်လည်း ကောင်းတာပဲ။
မဖို့တော့ အချိန်လေးပေးဖို့ လိုတာပေါ့။

■



## အောင်မြင်လိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



## The Law of Success

Nature is neutral: if you do the same things as other people done,
you will inevitably enjoy the same success they have.

Almost all your unhappiness in life comes from your tendency to blame someone else for something.

If you want to achieve greatly in life, be a student of achievement.

*(Personal Achievement)*



## အောင်မြင်လိုလျှင်

သဘာဝဟာ ညီမျှနေတယ်။ ဓာတ်ပြယ်နေသတဲ့။ ဘက်မလိုက်ဘူးပေါ့။
အောင်မြင်သူတွေလုပ်တာတွေကို သင်လုပ်ရင် သင်လည်း ချမ်းသာအောင်မြင်မှာပါ။
မိမိစိတ် မချမ်းမသာဖြစ်ရတဲ့ အဓိကအကြောင်းရင်းကတော့ သူတစ်ပါးကို အပြစ်တင်ဖို့ ရည်ရွယ်ချက်ကြောင့်ပဲ။
တကယ်လို့ အောင်မြင်ပျော်ရွှင်တဲ့ ဘဝကို လိုချင်ရင် တိုးတက်အောင်မြင်မှုကို သင်ယူပါ။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစာပိုဒ်ကို ဖတ်ကြည့်ပါ။

တချို့လည်း အင်္ဂလိပ်လိုဖတ်ရတာ သဘောကျတယ်။ အဓိပ္ပာယ်ထိထိမိမိရှိတယ်လို့ ဆိုတယ်။

အင်္ဂလိပ်စာထက် မြန်မာစာဖတ်ပရိသတ်တွေအတွက် ရှင်းပြလိုတဲ့ ဆန္ဒသဘောထားတွေကို ဒီမှာ တွေ့မှာ ဖြစ်တယ်။

ဘာသာပြန်လို့ သဘောမထားပါနဲ့။

ဆိုလိုတဲ့အဓိပ္ပာယ် မိမိနားလည် မလည်ရယ်၊ နားလည်ပြီး လက်မခံနိုင်တာရယ်ပေါ့လေ ပုံစံမျိုးစုံရှိမှာပါပဲ။

အားလုံးကို လက်ခံနိုင်စရာမလိုပါဘူး။

မကျေလည်တာကို မိမိရဲ့မိတ်ဆွေတွေနဲ့ ဒါမှမဟုတ် စာရေးသူနဲ့ ဆွေးနွေးသင့်တယ်။

ယခု တင်ပြထားတဲ့ 'သဘာဝဟာ ညီမျှနေတယ်၊ ဓာတ်ပြယ်နေသတဲ့၊ ဘက်မလိုက်ဘူး' ဆိုတာ လက်ခံပါသလား။

ဒါကို လက်မခံနိုင်ရင်တော့ ဆက်လက်ဆွေးနွေးလို့ မဖြစ်ဘူးပေါ့။

သဘာဝဆိုတာ မိမိလုပ်ယူချင်သလို လုပ်တာ မဟုတ်ဘူး။

မီးလောင်ခံရရင် သေမယ်။

ရေနစ်ရင် သေမယ်။

ရေတံခွန်ရှိရင် ရေအားလျှပ်စစ်ထုတ်လို့ရမယ်။



ဓာတ်လိုက်ရင် (မိုးကြိုးပစ်ရင်) ကြီးကြီးငယ်ငယ် တန်ခိုးရှိရှိ မရှိရှိ သေကြမှာပဲ။

သဘာဝက ညီမျှပါတယ်။

မိမိဟာ အခြေအနေပေးတဲ့အတိုင်း ဖန်တီးယူနိုင်ရင် အခြားသူတွေနဲ့ တန်းတူဖြစ်မှာပဲ။

အောင်မြင်သူတွေ လုပ်သလို လုပ်ကြပါတဲ့၊ အောင်မြင်မှာ သေချာသတဲ့။

ဒါပေမဲ့ အောင်မြင်သူတွေ ဘာလုပ်လဲ။

သူတို့ကြိုးစားတယ်။

အောင်မြင်တဲ့ လူတစ်ယောက်ကို မေးတဲ့အခါ သူက ပုံပြင်တစ်ပုဒ်ပြောပြတယ်။

တစ်ခါက လူတစ်ယောက်ဟာ အင်မတန်မြင့်တဲ့ တောင်ပေါ်ကို ရောက်သွားသတဲ့။ လူတွေက ဒီကောင်လေး ဘာကြောင့် တောင်ပေါ်ရောက်အောင် တက်နိုင်သလဲမေးကြည့်တော့...

ကျုန်တော်ဟာ လူတွေ အိပ်နေတဲ့အချိန်မှာ ခြေလှမ်းတွေ လှမ်းနေလို့ပဲတဲ့။

ကြိုးစားမှုကို ဖော်ပြတာပဲပေါ့။

သူများလို အောင်မြင်ချင်ရင် သူများလို ကြိုးစားရမှာ ဥပဒေနံပါတ်တစ်ရယ်လို့ မှတ်ထားနိုင်တယ်။

အောင်မြင်ရုံနဲ့ မပြီးဘူး။ ပျော်ရွှင်ဖို့ကြတယ် ဆိုရင် သူတစ်ပါးကို အပြစ်မတင်ဖို့လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



Almost all your unhappiness in life comes from your tendency to blame someone else for something. လို့ ဆိုထားတာ ဖြစ်တယ်။

သူများကို အပြစ်မတင်ပါနဲ့ အပြစ်တင်ဖို့လည်း စိတ်မကူးနဲ့။


သဘာဝက မျှတပါတယ်။

မိမိအကျိုးပေး မိမိမြင်ရမှာပါ။

■



## အောင်ပန်းဆင်တဲ့ ပစ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



## The Target

Decide exactly what you want in every area of your life; you can't hit a target you can't see.

Any system or blue print for a success is better than none at all.
Think on paper.

Virtually anything you could ever want to behave or do is achievable with learning and hard work.

*(Personal Achievement)*



## အောင်ပန်းဆင်တဲ့ ပစ်မှတ်

ဘယ်နေရာမှာ ဘာလုပ်ချင်လဲဆိုတာ ဆုံးဖြတ်။
သင်မမြင်တဲ့ပစ်မှတ် သင် ဘယ်လိုလုပ်မှန်အောင် ပစ်မှာလဲ။
အစီအစဉ်ချထားတဲ့အခါ ရနိုင်တဲ့အောင်မြင်ဖို့ အခွင့်အလမ်းဟာ အစီအစဉ် ဘာမှမချတာနဲ့ စာရင်တော့ သာမှာပေါ့။
တကယ်တော့ ဘာကိုလိုချင်လိုချင် ရမှာပါ။
လိုတာကတော့ လေ့လာသင်ကြားဖို့နဲ့ ကြိုးစားဖို့ ပါပဲ။

*(ပုဂ္ဂလိက အောင်မြင်မှု)*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ငယ်ငယ်က သင်ဖူးတယ်။

'လက်ရေးလှအောင် ကြိုးစားမောင်၊ စာမေးပွဲအောင်မှ အတန်းတက်ရ' တဲ့။

ဒီတော့ ကလေးတစ်ယောက်ဟာ လက်ရေးလှဖို့လိုတယ်။ လက်ရေးလှအောင်ကြိုးစားတာ ပထမအဆင့်ပေါ့။ လက်ရေးလှရင် စာမေးပွဲအောင်ဖို့ အခွင့်အလမ်းများတာပေါ့။ စာမေးပွဲအောင်ပြီး အတန်းတက်ရမယ်။ ဒါက အဓိကရည်ရွယ်ချက်ပေါ့။

၁၀ တန်းကျောင်းသားတစ်ယောက်ဟာ ကျောင်းသွားတယ်၊ စာတွေဖတ်တယ်၊ ကျူရှင်တွေတက်တယ်၊ ဘာဖြစ်လို့လဲ။ သူ စာမေးပွဲအောင်ဖို့ပေါ့။

စာမေးပွဲ အောင်ဖို့လောက်ပဲလား။ မဟုတ်သေးဘူး။ အတန်းတက်ဖို့လည်း ပါတယ်။ သူဆေးကျောင်းသွားမလား၊ ရိုးရိုးဘွဲ့ပဲယူမလား။ သူလိုချင်တာတွေအပေါ်လိုက်ကာ ကြိုးစားရတာပါပဲ။

ဒီတော့ ရည်ရွယ်ချက် 'ပစ်မှတ်' ကို မြင်ဖို့အရေးကြီးတာပဲပေါ့။

တစ်ခါက... အမေရိကန်ဆော့လိတ်စစ်တီးမှာ ကောင်လေးတစ်ယောက် ရှိတယ်။ သူဟာ ခြေထောက်နှစ်ဖက်လုံး မသန်မစွမ်းဖြစ်နေတယ်။ သူ့အမေက သူ့ကိုကျောင်းမသွားစေချင်ဘူး။ အခြားကလေးတွေ စမှာကိုစိုးရိမ်တာကိုး။

ဒီတော့ သူက... အမေ့ကို ပြောရတယ်။ သူများ



တွေ စချင်စပါစေ သူ စာတတ်ဖို့ အရေးကြီးတယ်လို့ပြောတယ်။

သူ့အမေက... သားလေးကို ခပ်ရှက်ရှက်နဲ့ပဲ ကျောင်းပို့ရတယ်။

ကျောင်းက ကလေးတွေ သူ့ကိုစတော့ သူက 'ငါ့ကို စလို့ရတယ်၊ ဒါပေမဲ့ မသိတဲ့စာကိုတော့ ပြပေးပါလို့' တောင်းပန်တယ်။

ဒါနဲ့ပဲ ကလေးငယ်ဟာ သူ့ကို စသူတွေ မတွေ့ရတော့ဘဲ စာပြပေးသူတွေကိုပဲ ဆုံရတော့တယ်။

နောက်တစ်နှစ်လောက်မှာတော့ သူ့ကို တခြားကလေးတွေက စာပြမပေးရဘဲ သူကသာ တခြားကလေးတွေကို စာပြနေရသတဲ့။

ဒီတော့... ကလေးတွေကို စာပြရင်း သူဟာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်သွားတယ်တဲ့။

သူ့မိဘတွေက သူ့ကို တက္ကသိုလ်သွားဖို့ ပြောတယ်။ သူက မသွားတော့ဘူးတဲ့။

သူ့အိမ်မှာ စာအုပ်တစ်အုပ် ရေးတယ်။ 'သင်ကြားရေးအတွက် အထောက်အကူ' တဲ့။

သူ လက်တွေ့ဘဝကရတဲ့ အကြောင်းအချက်တွေကို ထည့်သွင်းထားတဲ့ စိတ်ကူးကောင်းတွေ ပါဝင်တယ်။

သူ့ရဲ့စာအုပ်ဟာ ဘာဆုမှမရပေမဲ့ အမေရိကန်ပြည်ထောင်စု တစ်ခုလုံးမှာရှိတဲ့ ဆရာအတတ်သင်ကောလိပ်ကျောင်းတွေက သုံးကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဒီစာအုပ်နဲ့တင် နာမည်ကြီးသွားပြီး သင်ကြားမှုအတွက် အစည်းအဝေးတွေတက်နေရတယ်။

သူ အမြဲပြောတာကတော့ 'သူ့မှာ မသန်စွမ်းတဲ့ ခြေထောက်ကို ဘုရားသခင်က ပေးခဲ့တယ်။ ဒါပေမဲ့... သန်စွမ်းတဲ့ အခြားပစ္စည်းတွေအတွက် သူက ဘုရားသခင်ကို ကျေးဇူးတင်တယ်။ အထူးသဖြင့် ဆင်ခြင်စဉ်းစားတတ်တဲ့ဦးနှောက်ကို ပေးကမ်းတာကိုတော့ ကျေးဇူးတင်မဆုံးဘူး' လို့ ဆိုတယ်။

သူ့နာမည်က တင်မိုသီရီချ်ပါ။ ယနေ့ သူ့ရဲ့ သင်ကြားရေးနည်းဟာ ကမ္ဘာကျော်နေပြီ ဖြစ်တယ်။ သူ့ကို ဘွဲ့ယူဖို့တိုက်တွန်းပေမယ့် သူဘွဲ့ယူဖို့ မကြိုးစားဘူး။

သို့သော် ကာလီဖိုးနီးယား အစိုးရတက္ကသိုလ်က ပေးတဲ့ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကိုတော့... သူ ရပါတယ်။


ဘယ်နေရာမှာ ဘာလုပ်ချင်လဲဆိုတာ ဆုံးဖြတ်၊ သင်မမြင်တဲ့ပစ်မှတ် သင် ဘယ်လိုလုပ် မှန်အောင် ပစ်မှာလဲတဲ့။ တင်မိုသီဟာ သူ့ပစ်မှတ်သူ မြင်ပါတယ်။

ခြေထောက်မကောင်းပေမဲ့ အောင်ပန်းဆွတ်နိုင်တာဟာ သူပစ်တဲ့ပစ်မှတ် မှန်လို့ပါပဲ။

■



# ကန့်သတ်ချက် မရှိပါ



www.burmeseclassic.com

www.burmeseclassic.com



## No Limitation

Make your life a masterpiece:
imagine no limitation on what
you can be,
have or do.
You have the ability, right now,
to exceed all your previous levels
of accomplishment.

***(Personal Achievement)***



## ကန့်သတ်ချက် မရှိပါ

ဘဝကို အထူးခြားဆုံးလို့ ခံယူပါ။ ခံယူတဲ့အတိုင်း
လည်း ဆောင်ရွက်ပါ။ ဘာမှ အကန့်အသတ်မရှိ
ဘူးရယ်လို့ စိတ်ကူးလိုက်ပါ။
သင့်မှာ စွမ်းအားရှိတယ်။
ခုလည်း ရှိနေတာပဲ။
သင့်ရဲ့စွမ်းရည်ဟာ ယခင် သင်အောင်မြင်ထား
တာတွေထက် ပိုပါတယ်။

(ပုဂ္ဂလိကအောင်မြင်မှု)

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝကို တန်ဖိုးထားသူတွေနဲ့ တန်ဖိုးမထားသူတွေဆိုပြီး နှစ်မျိုးရှိတယ်။

တကယ်တော့ ဘဝဟာ တန်ဖိုးရှိတယ်။ ဒီတန်ဖိုးကို မသိကြတာက ဆိုးတယ်။ ဒီတန်ဖိုးဟာ အင်မတန်ကြီးလွန်းလို့ လူ့ဘဝဟာ ရခဲတယ်ဆိုပြီး ဘာသာတရားက ဆိုတာဖြစ်တယ်။

လူမှာရှိတဲ့စွမ်းရည်ဟာ ယနေ့ထက်တိုင် ဘယ်သတ္တဝါ၊ ဘယ်စက်ပစ္စည်းတွေထက်မဆို သာတယ်။

လူတွေရဲ့ဦးနှောက်နဲ့ တီထွင်ထားတဲ့ စက်တွေဟာ လူတွေနိုင်းတာ လုပ်ရတယ်။

ကွန်ပျူတာဆိုတာ လူတွေရဲ့ ဦးနှောက်အစားထိုးလို့ ဆိုနိုင်ကြောင်း အချို့က ဆိုတယ်။ ကွန်ပျူတာဟာ အတွက်အချက်မြန်တယ်၊ မှန်တယ်။ ဒါပေမဲ့ ဆင်ခြင်နိုင်မှုတော့ မရှိဘူး။ စက်တွေက လူကို မလွှမ်းမိုးနိုင်ပါဘူး။

ဒါပေမဲ့ လူတွေက အလွှမ်းခံရင်တော့ လွှမ်းနိုင်တာရှိမှာပဲ။ လူသားဟာ စက်ရုပ်လို တွေးတောပြုမူရင်တော့ ဒီလူရဲ့အဆင့်တွေ နိမ့်ကျသွားမှာပဲ။

ဆိုလိုတာက လူတွေမှာ မေတ္တာ၊ ကရုဏာ၊ စေတနာတွေအပြင် အခြေအနေ အချိန်အခါကိုလိုက်ကာ လုပ်ကိုင်တတ်တဲ့ စိတ်ဆိုတဲ့ ဝိညာဉ်ဆိုတာ ရှိတယ်။ လူ့ဘိုင်းမှာရှိတယ်။

စက်တွေမှာတော့ လူတွေမှာလို ဆင်ခြင်တာ၊ စဉ်းစားတာတွေ ထည့်ပေးလို့ရရင်တောင် အထက်ပါ မေတ္တာတွေ၊ ကရုဏာတွေ ထည့်ပေးလို့မရဘူး။



လူတွေနဲ့စက်တွေ ကွာခြားတာ နောက်တစ်ခုက ကန့်သတ်ချက်ပဲ။

စက်တစ်ခုကိုလုပ်ရင် သူ ဘာလုပ်နိုင်တယ်ဆိုတာ ကန့်သတ်ချက်ရှိတယ်။

ဥပမာ... အဝတ်လျှော်စက်ဆိုရင် အဝတ်လျှော်၊ ရေညှစ်လို့ရမယ်။ မီးပူတော့ တိုက်လို့မရဘူး။

မော်တော်ကားဆိုတဲ့ ပို့ဆောင်ရေးယာဉ်ဆိုပါတော့။ သူ့မှာ လမ်းရှိမှ သွားလို့ရတယ်။ တောလမ်းခရီးတွေ သွားလို့ရတဲ့ ကားတွေတော့ ရှိတယ်။ ဒါပေမဲ့ မီးရထားလိုကျတော့ လမ်းရှိကို ရှိမှဖြစ်တယ်။ စက်တိုင်းမှာ ကန့်သတ်ချက်ရှိတယ်။

သတ္တဝါအများစုမှာလည်း ကန့်သတ်ချက်ရှိတယ်။ လူကတော့ ကန့်သတ်ချက်တွေ အတော်နည်းတယ်။

ဥပမာ... ဆင်းရဲသားဟာလည်း ဘုရင်ဖြစ်လို့ရတယ်။ အင်မတန်ဆင်းရဲတဲ့နိုင်ငံက လူတွေကလည်း ကမ္ဘာ့အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်ဖြစ်နိုင်တယ်။ သမ္မတဖြစ်သွားတဲ့ လူဆင်းရဲတွေ ဒုနဲ့ဒေးပဲ။

လူတွေမှာ ပညာရှင်ဆိုတာ ပညာရှင်ကနေ မွေးဖွားလာတာမဟုတ်ဘူး။ လူရဲ့ဦးနှောက်ထဲမှာ ဆင်ခြင်ဉာဏ် သာပါတယ်၊ တတ်ကျွမ်းလာတာတွေ မပါဘူး။

ဥပမာ... စာဘူးတောင်းဟာ မွေးလာကတည်းက သူ့ရဲ့အသိုက်ကို လှပစွာရက်လုပ်လို့ တတ်တယ်။

ဒါပဲ။

www.burmeseclassic.com



အတတ်ပညာရှုထောင့်ကကြည့်ရင် နောက်ထပ် ဘာမှလုပ်မတတ်တော့ဘူး။

အဲဒီလို... အနုပညာလက်ရာမြောက်တာကို လူတွေ သင်ရင် နှစ်ချိုက်ကြမယ်၊ တတ်တော့တတ်မယ်။

ဒါနဲ့တော့ လူတွေရဲ့စွမ်းရည် ရပ်မသွားသေးဘူး။ နောက်ထပ် ဘာသင်မလဲ။

ရတယ်။ ကွန်ပျူတာလုပ်မလား၊ ကားပြင်မလား၊ အနုပညာပစ္စည်းတွေ ထုတ်မလား။ မရပ်သွားဘူး။

ဘာဖြစ်လိုသလဲသာ စဉ်းစားပါ။

There is no limitation on what you can be.

ဖြစ်လာမှာပါပဲ။ သင်က လူပဲကိုး။

■



## ဘဝသင်ခန်းစာများ



www.burmeseclassic.com

www.burmeseclassic.com



## Lesson From Life

A child that lives with ridicule,
learns to be timid.
A child that lives with criticism,
learns to condemn.
A child that lives with distrust,
learns to be deceitful.
A child that lives with
antagonism, learns to be hostile.
A child that lives with affection,
learns to love.
A child that lives with
encouragement, learns
confidence.
A child that lives with truth,
learns justice.
A child that lives with praise,
learns to appreciate.
A child that lives with sharing,
learns to be considerate.
A child that lives with
knowledge, learns wisdom.
A child that lives with patience,
learns to be tolerant.
A child that lives with
happiness, will find loves and
beauty.

*(Ronald Russell)*



## ဘဝသင်ခန်းစာများ

အလှောင်အပြောင်နဲ့ နေခဲ့ရတဲ့ကလေးဟာ
ကြောက်ရွံ့ခြင်းကို တတ်မြောက်တယ်။
အပြစ်တင်ခြင်းနဲ့ နေခဲ့ရတဲ့ ကလေးဟာ မဟုတ်
တာလုပ်ဖို့ တတ်မြောက်တယ်။
အယုံအကြည်ကင်းမဲ့စွာနဲ့ နေခဲ့ရတဲ့ကလေးဟာ
မမှန်တာလုပ်ဖို့ တတ်မြောက်တယ်။
အစော်ကားခံဘဝနဲ့ နေခဲ့ရတဲ့ကလေးဟာ ရိုင်းပျ
တတ်ခြင်းကို တတ်မြောက်တယ်။
မေတ္တာနဲ့ နေခဲ့ရတဲ့ကလေးဟာ ချစ်ဖို့ရာ
တတ်မြောက်တယ်။
အားပေးသူတွေနဲ့ နေခဲ့ရတဲ့ ကလေးဟာ
ယုံကြည်ခြင်းကို တတ်မြောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမုန်းတရားနဲ့ နေခဲ့ရတဲ့ ကလေးဟာ တရားမျှတခြင်းကို တတ်မြောက်တယ်။
ချီးမွမ်းခြင်းနဲ့ နေခဲ့ရတဲ့ ကလေးဟာ တန်ဖိုးထားခြင်းကို တတ်မြောက်တယ်။
မျှဝေခြင်းနဲ့ နေခဲ့ရတဲ့ ကလေးဟာ ညှာတာခြင်းကို တတ်မြောက်တယ်။
သုတပညာနဲ့ နေခဲ့ရတဲ့ ကလေးဟာ ဉာဏ်ပညာ ရှိလာတယ်။
သည်းခံခြင်းနဲ့ နေခဲ့ရတဲ့ ကလေးဟာ စောင့်ဆိုင်းခြင်းကို တတ်မြောက်တယ်။
ပျော်ရွှင်ခြင်းနဲ့ နေခဲ့ရတဲ့ ကလေးဟာ အချစ်နဲ့ အလှကို ရှာဖွေတွေ့မှာ ဖြစ်တယ်။

(ရော်နယ်ရပ်ဆဲလ်)



လူငယ်တွေအတွက် ရော်နယ်ရပ်ဆဲလ် (Ronald Russell) ရေးထားတာဖြစ်တယ်။

မိဘတွေက သားသမီးတွေကို လှပတဲ့ဘဝကို ပေးချင်တယ်။

မြန်မာတွေက ဆင်စီးလို့ မြင်းရံတာကို ကြည့်ချင်တယ်၊ ဆင်နင်းလို့ မြင်းကန်တာကို မကြည့်ချင်ကြဘူး။

ဒါပေမဲ့ သူတို့ရတဲ့ဘဝဟာ မိဘတွေကို အမှီပြုကာ စရတာပဲပေါ့။

သူတို့ အကျင့်အကြံတွေကို ပတ်ဝန်းကျင်က ရတယ်။

ကလေးတွေရဲ့ဘဝမှာ မိဘနဲ့ဝန်းကျင် အရိပ်ထင်နေတယ်။

ကြီးပြင်းလာတော့ ကောင်းမွေ၊ ဆိုးမွေ သူတို့ စံစရာရှိရင် စံတယ်၊ ခံစရာရှိလည်း ခံရတော့ပါပဲ။

ရော်နယ်ရပ်ဆဲလ် (Ronald Russell) က ဒီအကြောင်းတွေကို ရေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်လှပတဲ့ ကဗျာတစ်ပုဒ်ဖြစ်တယ်။

နှစ်ကြိမ်သုံးကြိမ်လောက်ဖတ်ရင် မှုရင်းကို ခြုံမိမှာပါ။

ဒီကဗျာလေးကို သူ ၁၉၇၁ ခုနှစ်က ရေးတာပါ။ လူတွေကကြိုက်လွန်းလို့ ဘောင်သွင်း ချိတ်ဆွဲကြရတဲ့ ကဗျာပါ။

ကဗျာစာရွက်ဟာ တစ်ဒေါ်လာ တန်ပါတယ်။ ပုံနှိပ်သူဟာ သန်းချီရောင်းရတယ်။

ကဗျာဆရာ ဘယ်လောက်ရတယ်ဆိုတာတော့ မသိပါ။

ကျွန်တော် (အရမ်း) ဘာသာပြန်ထားတာပါ။


မူရင်းတော့ ပျက်မှာပါ။

ခံစားနိုင်ဖို့မူရင်းလည်း ထည့်ပေးလိုက်တယ်။

■



ရိုးရိုးကျင့် မြင့်မြင့်ကြံ



www.burmeseclassic.com

www.burmeseclassic.com



## Decision is yours

If necessity is the mother of invention, pain seems to be father of learning.

You are where you are and what you are because you have decided to be there.

Make a commitment today to something bigger and more important than your-self.



## ရိုးရိုးကျင့် မြင့်မြင့်ကြံ

ဆုံးဖြတ်ရမှာက သင်ပါပဲ။
တကယ်လို့ လိုအပ်ချက်ဟာ တီထွင်ခြင်းရဲ့
မိခင်ဆိုရင်တော့...
နာကျင်ခြင်းဟာ သင်ယူခြင်းရဲ့ ဖခင်ပဲပေါ့။
သင်ဆိုတာ သင်ပဲပေါ့။ သင်ရောက်နေတဲ့နေရာ
သင့်အဆုံးအဖြတ်ကြောင့်သာ ရောက်နေပါ
သတဲ့။ ဒီနေ့ ကြီးမားပြီး အရေးပါတာ၊
တစ်ခုခုလုပ်ဖို့ ကတိကဝတ် ပြုလိုက်ပါ။
သင် ခုရောက်နေတာထက် သာတာတွေကိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com



လူ့ရဲ့အရည်အချင်းကို ဆုံးဖြတ်တာတွေ လုပ်နေကြတယ်။

အလုပ်တစ်ခုရဖို့ အင်တာဗျူးတွေလုပ်ကြတယ်၊ စာမေးပွဲတွေ ဖြေကြရတယ်။

စာမေးပွဲမအောင်ရင် ဝမ်းနည်းကြတယ်၊ ငိုကြတယ်။ အလုပ်အင်တာဗျူးမအောင်ရင် စိတ်ဆင်းရဲရတယ်။

မိမိဟာ အလုပ်တစ်ခုအတွက် စိတ်စောနေတဲ့အခါ ဒီအလုပ်ဟာ မိမိနဲ့ သင့်တော်လား၊ မသင့်တော်လား မသိကြဘူး။

ဒီတော့ အလုပ်မရတာကို မိမိအရည်အချင်းမမီလို့ပဲလို့ ထင်ကြတယ်။

စဉ်းစားကြည့်ရင် အရည်အချင်းလွန်နေရင်လည်း အလုပ်မရတာတွေ ရှိတာပဲပေါ့။

ဥပမာ... ဘွဲ့ရထားတဲ့လူနဲ့ ဘွဲ့မရတဲ့လူ အရည်အချင်းတူတူ ညစောင့်လုပ်ဖို့လျှောက်ရင် ဘယ်သူ့ကို ခန့်မလဲ။

စဉ်းစားကြည့်ပါ။

ဒီဥပမာဟာ မြင်လွယ်ပေမယ့် မမြင်လွယ်တာတွေ အများကြီးရှိတာပဲပေါ့။

ဒီအခါ ငါ ဘာလဲဆိုတာ သိရမယ်။

'ငါဟာ လူညံ့မဟုတ်' ဆိုတာကို လုံးဝခံယူထားရမယ်။

တစ်ခါတစ်ခါ လူ့အရည်အချင်းကို အိုင်ကျူ (IQ) နဲ့ ဆုံးဖြတ်တယ်။



(IQ) ဆိုတာ (Intelligence Quotient) ကို အတိုပြောတာပါ။ အရည်အချင်းကို ဂဏန်းနဲ့ပြတဲ့ အချိုးပေါ့။

နောက်လူတွေကတော့ (IQ) အစား (EQ) ကို သုံးကြတယ်။

(EQ) ဆိုတာက (Emotional Quotient) ဖြစ်တယ်။ စိတ်လှုပ်ရှားတဲ့အခါတွေမှာ ဆုံးဖြတ်တာကို ပြောတာပါပဲ။

ဥပမာ... စာမေးပွဲဖြေတဲ့အခါ စိတ်လှုပ်ရှားနေရင် မိမိဘယ်လောက်ဖြေနိုင်လဲဆိုတာ စမ်းသပ်တာပဲ။

(IQ) ကို ရာစုတစ်ခုလောက် သုံးခဲ့တယ်။

နောက်ပိုင်း မလုံလောက်ဘူးလို့ယူဆကာ (EQ) ကို တွဲသုံးလာတယ်။

ဒါပေမဲ့ လက်တွေ့မှာ (IQ) ရော (EQ) ပါ ညံ့တဲ့လူတွေဟာ ဘဝမှာ ထိပ်တန်းရောက်တာတွေ အများကြီးရှိတယ်။ ဒါဟာ ဘာကြောင့်လဲ။

ဘာကြောင့်လဲဆိုတော့ သူတို့မှာရှိတဲ့ (PI) ဆိုတာ ကောင်းလို့တဲ့။

(PI) ဆိုတာ ဘာလဲ။ (PI)ဆိုတာ (Practical Intelligence) ပါပဲ။

သူက (IQ) (EQ) နဲ့ ဘာကွာလဲ။

(PI) မှာ အဖြေတစ်ခုတည်း မဟုတ်ဘူး။ အဖြေတွေ အများကြီးရှိသတဲ့။

ဥပမာ... သင်လမ်းမှာ ကားပျက်ရင် ဘာလုပ်မလဲ၊ အခြေအနေပေါ် တည်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သင်လေယာဉ်ကွင်းသွားနေရင်တော့ နောက်ကားတစ်စီး ပြောင်းစီးမှာပေါ့။ အိမ်ပြန်နေတာပဲဆိုရင် ဖုန်းဆက်၊ ဝပ်ရှော့ ဆရာ ခေါ်မှာပေါ့။

သင် ရုံးသွားနေတုန်းပျက်ရင် ဘာလုပ်မလဲ၊ သင့်မိသားစုနဲ့သွားရင် ဘာလုပ်မလဲ။ ဒီလိုဆုံးဖြတ်တဲ့အထဲမှာပဲ အဖြေတွေအများကြီးရှိမှာ သေချာတယ်။

သင် မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တယ်ဆိုရင် ဒါကို (PI) မြင့်တယ်ပေါ့။

(EQ) နဲ့ (IQ) တို့မှာတော့ ကျောင်းစာလို အဖြေတစ်မျိုးတည်းပဲရှိတယ်။

လောကကြီးမှာ လူမှုအသိုက်အဝိုင်းထဲမှာ နေကြတဲ့လူတွေဟာ အဖြေတစ်မျိုးတည်းရှိတဲ့ ပြဿနာတွေထက် အဖြေများစွာရှိတဲ့ ပြဿနာတွေကိုပဲ တွေ့တတ်တယ်။

ဆိုလိုတာက သင့်ရဲ့အဆင့်ဟာ သင် ဆုံးဖြတ်တာပါပဲ။

ပထမဆုံး သင့်ကိုယ်သင် ဘယ်အဆင့်ရှိတယ်ဆိုတာ ဆုံးဖြတ်ပါ။ မြင့်မြင့်သာ ဆုံးဖြတ်လိုက်ပါ။

ဘာကြောင့်လဲ။ Your are where you are and what you are because you have decided to be there. လို့ ဆိုထားလို့ပါပဲ။

သင့်ကိုယ်သင် ဆုံးဖြတ်တာပါ။


မြန်မာစကားလည်း ရှိတယ်။

ရိုးရိုးကျင့် မြင့်မြင့်ကြံတဲ့။

■



## အိုင်ဒီယာ




www.burmeseclassic.com

www.burmeseclassic.com



## Innovation

One good idea is all you need to start a fortune.
Business break throughs come from finding faster cheaper, better, easier ways to perform a task.



## အိုင်ဒီယာ

**ဆန်းသစ်တီထွင်ခြင်း**

ချမ်းသာကြွယ်ဝစေရန်အတွက် ကောင်းမွန်တဲ့ အတွေးအခေါ် သဘောတရားတစ်ခုနဲ့ တာထွက်ဖို့သာလိုအပ်တယ်။
စီးပွားရေးလုပ်ငန်းတစ်ခု ထိုးဖောက်အောင်မြင်ဖို့ဟာ မြန် ကောင်း သက်သာ လွယ်ကူတဲ့ နည်းလမ်းနဲ့ လုပ်ငန်းဆောင်ရွက်နိုင်တဲ့ဆီကနေ ပေါက်ဖွား လာတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူတွေ… အထူးသဖြင့် လူငယ်တွေအတွက် သဘောတရားရေးရာ (Idea) ဟာ အတော်လေး အဓိကကျပါတယ်။

လူငယ်တွေဟာ ကျောင်းက ထွက်လာရင် လောကပြင်ကျယ်မှာ ပင်လယ်ပြင်ထဲ လက်ပစ်ကူး ရသလိုပဲ။

ကမ်းမမြင်ကြဘူး၊ လမ်းမမြင်ကြဘူး။ မိမိတို့ ပန်းတိုင် ဘယ်မှာရှိတယ်ဆိုတာကို မသိကြဘူး။

ဒီတော့… သူတို့မှာ ‘အရည်အချင်း’ အပြင် ‘စိတ်ဓာတ်လေး’ တွေ လိုတယ်။

တစ်ခေတ်က လူငယ်လူရွယ်ပေါ့လေ။ လူလတ်တွေပါ အင်မတန်စိတ်အားထက်သန်တဲ့ ကာလပဲလို့ ဆိုနိုင်တယ်။

အဲဒီတစ်ခေတ်ဆိုတာ ဒုတိယကမ္ဘာစစ်ကြီးပြီးစ လွတ်လပ်ရေး ရပြီးကာလပေါ့။

အဲဒီအချိန်ဟာ ကျွန်တော်တို့လို တိုင်းပြည်သာမက ဥရောပနိုင်ငံတွေပါ ‘ပြာပုံထဲကနေ ပြန်လည်ထူထောင်ကြ’ တဲ့ ကာလပဲ။

စက်မှုခေတ်လည်းရောက် လူတွေလည်း အသိဉာဏ်ပွင့်တဲ့ အချိန်ပဲပေါ့။

တကယ်တော့… မြန်မာပြည်ရောင်နီပျိုးလာတာ စစ်ကြီးမဖြစ်ခင်လေးက စခဲ့တယ်ဆိုရင် မမှားပါဘူး။



အဲဒီအချိန်မှာ တို့ဗမာအစည်းအရုံး၊ ဝိုင်အမ်ဘီအေ စတဲ့ အသင်းအဖွဲ့တွေက ဟောပြောကြ၊ စာရွက်စာတမ်းတွေ ထုတ်ဝေကြလို့ပဲ။

ပထမဦးဆုံးလုပ်တာပွေကတော့ မြန်မာတွေကို စိတ်ဓာတ်မြှင့်တင်ပေးတာပါပဲ။

သခင်စိတ်ဓာတ် မွေးဖွားပေးတယ်။

မြန်မာတွေ အစဉ်အလာရှိတာတွေကို ထုတ်ဖော်ကြတယ်။

ဒီအရှိန်ကနေ လွတ်လပ်ရေးရတာပဲ။

ဒီတော့… လွတ်လပ်ရေးရပြီး လူငယ်လူရွယ်တွေဟာ ကြီးပွားလိုစိတ် တဖွားဖွားပေါ်ပေါက်လာတယ်။

လူတွေ… အထူးသဖြင့် လူငယ်တွေမှာပေါ့လေ။ သူတို့မှာက ‘အရည်အချင်း’ အပြင် ‘စိတ်ဓာတ်လေး’ နဲ့ သဘောတရားလေးတွေ လိုတယ်။

အရည်အချင်းတွေ တောက်ပြောင်လာဖို့ ‘စိတ်ဓာတ်နဲ့ သဘောတရား’ ဟာ အတော်အရေးပါတဲ့ ကဏ္ဍက ပါဝင်တယ်လို့ ဆိုနိုင်တယ်။

နပိုလီယမ်ဟေးလ်စာအုပ်ထဲက ဥပမာတစ်ခုကို ဖော်ပြချင်တယ်။

ဘန်း(စ်) (Barnes) ဆိုသူတစ်ယောက် အကြောင်း ဖြစ်တယ်။

ဘန်း(စ်)ဟာ အတွေးတွေကနေ အကောင်အထည်ပေါ်လာတဲ့ ချမ်းသာမှုကို ရရှိတယ်လို့ ဖော်ပြထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံမရှိ၊ ပညာတစ်ပိုင်းတစ်စပဲ တတ်တဲ့ ဘန်း(စ်)ဟာ အရင်းအနှီးဆိုလို့ သူ့ရဲ့ 'အတွေး' ပဲ ရှိတော့တယ်။ ဒီအတွေးကို သူက ကြီးမားတဲ့ဆန္ဒနဲ့ ပေါင်းကာ တီထွင်ပညာရှင် အက်ဒီဆင် (Edison) ဆီ သွားခဲ့တယ်။ 'ကျွန်တော် ခင်ဗျားဆီမှာ အလုပ် လုပ်ချင်တယ်' လို့ သူမပြောဘူး။ 'ခင်ဗျားနဲ့တွဲပြီး အလုပ် လုပ်ချင်တယ်' လို့ပဲ သူပြောခဲ့တယ်။

ဒါဟာ... အင်မတန်အရေးကြီးတဲ့ အချက်ပဲ ဖြစ်တယ်။

သူက ဘာမှမရှိပေမယ့် သူများလက်အောက်မှာ အလုပ်မလုပ်ချင်ဘူး။ လွတ်လွတ်လပ်လပ်နဲ့ ကြီးပွား တိုးတက်အောင်လုပ်ဖို့ ရည်ရွယ်ထားတယ်။

သူက အက်ဒီဆင်ကို [illegible]တာသာ ဖြစ်တယ်။ အက်ဒီဆင်ထံက သူ... အထောက်အကူရမယ်။ အက်ဒီဆင်ကလည်း သူ့ဆီက အကူအညီရမှာဖြစ်တယ်။

ဆင်းရဲတဲ့ကောင်လေးရဲ့ မျက်နှာမှာ သူ့ရဲ့ ဆုံးဖြတ်ချက်တွေ ပေါ်နေတယ်။

သူဟာ မိမိကို တိုးတက်အောင်လုပ်ပေးနိုင်တယ်လို့ အက်ဒီဆင်ယုံကြည်လာအောင် သူပြောနိုင်တယ်၊ လုပ်ပြနိုင်တယ်။

အက်ဒီဆင်ရဲ့ ရောင်းမရတဲ့ (Dictating Machine) ရုံးသုံးစက်တစ်ခုကို ဘန်း(စ်)က အောင်မြင်စွာ ရောင်းချပေးနိုင်ခဲ့တယ်။ အက်ဒီဆင်ဟာ ဘန်း(စ်)ကို ရောင်းချခွင့်အားလုံး ပေးလိုက်တယ်။



ဒီတော့... 'အက်ဒီဆင်က ထုတ်လုပ်တယ်။ ဘန်း(စ်)က အသုံးဝင်အောင်လုပ်ပေးတယ်' ဆိုတဲ့စကား တွင်ရစ်တယ်။

နောက်နှစ်တွေမှာ ကုမ္ပဏီတွင်း သူဌေးတွေ အစည်းအဝေးမှာ ဘန်း(စ်)က ပါလာပါပြီ။ အက်ဒီဆင်က ဘန်း(စ်)ကို သူ စတင်တွေ့စဉ်က အတွေ့အကြုံကို ပြောပြတယ်။

'သူဟာ... လမ်းပေါ်က လူတစ်ယောက်ပါပဲ။ (လမ်းဘေးမှာ အိပ်စားနေတဲ့ Tramp ကို ဆိုလိုတာ ဖြစ်တယ်) ဒါကိုကျွန်တော် တွေ့စကတည်းက သိတယ်။ ဒါပေမဲ့ သူ့မျက်နှာ၊ သူ့အနေထား၊ သူ့မျက်လုံးတွေထဲမှာ တစ်စုံတစ်ခုပေါ်နေတယ်။ အဲဒါက ကြီးမားတဲ့ဆန္ဒပဲ။ ဒီလိုလူတွေဟာ အလုပ်တစ်ခုကို မဖြစ်ဖြစ်အောင် လုပ်တယ်ဆိုတာကို ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော်သိတယ်။ ဒါကြောင့်... သူ့ကို ကျွန်တော် ရွေးလိုက်တာဖြစ်တယ်' တဲ့။

ဘန်း(စ်)ဟာ အရင်းအနှီး တစ်ပြားတစ်ချပ်မှ မရှိဘဲ ချမ်းသာသွားတယ်လို့ လူတွေ ပြောစမှတ် တွင်တယ်။

တကယ်တော့... ဘန်း(စ်)ရဲ့အရင်းအနှီးဟာ ဘန်း(စ်)ရဲ့ ခန္ဓာကိုယ်အပေါ်ပိုင်းက ဦးနှောက်ထဲမှာ ဆိုတာ ထင်ရှားနေတာပါပဲ။

ဘန်း(စ်)ဟာ အမေရိကန်မီလျံနာသူဌေးကြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာတာ သူ့ရဲ့ တတ်မြောက်ထားတဲ့ အရည်အချင်း (Skills) ကြောင့် မဟုတ်ပါဘူး။ သူ့ကိုယ်သူ ယုံကြည်အားကိုးမှုနဲ့ သူ့ရဲ့ဆန္ဒကြောင့်ပဲလို့ နပိုလီယမ်ဟေးလ်က ကောက်ချက်ချတာဖြစ်တယ်။

One good idea is all you need to start a fortune.

ချမ်းသာကြွယ်ဝစေရန်အတွက် ကောင်းမွန်တဲ့ အတွေးအခေါ် သဘောတရားတစ်ခုနဲ့ တာထွက်ရမှာ ဖြစ်တယ်။

■



# အောင်မြင်ခြင်း



www.burmeseclassic.com



## Success

Success requires no appologies,
failure permits no alibis.
Every failure brings with the
seed of an Equivalent Success.

***Napolean Hill***



## အောင်မြင်ခြင်း

အောင်မြင်မှု
အောင်မြင်ဖို့အတွက် သူတစ်ပါးကို တောင်းပန်တိုးလျှိုး၍မရ။
ဆုံးရှုံးခြင်းအတွက် ဘာကြောင့်လဲဆိုတာကို သက်သေပြစရာမလိုပါ။
ဆုံးရှုံးသွားတိုင်းမှာ သူနဲ့အတူ ညီမျှတဲ့ အောင်မြင်မှု မျိုးစေ့လေးတွေ ချထားပေးတယ်။

(နပိုလီယမ်ဟေးလ်)

www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်ခြင်း

ပထမအပိုဒ်ကို သဘောပေါက်ပါရဲ့လား။ ‘အောင်မြင်ဖို့အတွက် သူတစ်ပါးကို တောင်းပန်တိုးလျှိုး၍မရ။ ဆုံးရှုံးခြင်းအတွက် ဘာကြောင့်လဲဆိုတာကို သက်သေပြစရာ မလိုပါ’ တဲ့။

အောင်မြင်ဖို့အတွက် မိမိဘာသာမိမိ လုပ်ရတယ်။ သူတစ်ပါးပေးမှ၊ ကမ်းမှ ရတဲ့သူကို ဘယ်သူကမှ အောင်မြင်သူလို့ ခေါ်မှာမဟုတ်ဘူး။

ဒီအတိုင်းပဲ ဆုံးရှုံးသွားရင် ဟိုပြောဒီပြောပြောဆိုပြီး အကြောင်းပြချက်တွေ ပေးနေစရာ မလိုပါဘူး။ ဆုံးရှုံးတာဟာ ဆုံးရှုံးတာပါပဲ။ ဒီအတွက် အကြောင်းပြချက်တွေရှာလည်း အပိုပါပဲ။

ဒါပေမဲ့... ဆုံးရှုံးမှုတွေမှာ အောင်မြင်စေတဲ့ မျိုးစေ့တွေ ပါလာတယ်။

ဒီမျိုးစေ့ကိုစိုက်ရင် အောင်မြင်လာမှာ အသေအချာပါပဲ။

တစ်ခုပဲရှိတယ်။ စိုက်ပျိုးဖို့အတွက်တော့ ဝီရိယလိုတယ်၊ ရေလောင်းပေါင်းသင်ပေးဖို့ လိုတယ်။

ဒီအတွက် ပြောပြချင်တာကတော့ ရွှေတူးသမားတစ်ယောက်ရဲ့အကြောင်းပဲ ဖြစ်တယ်။

အာယူဒါဘီဆိုတဲ့လူတစ်ယောက်က ပြောပြတာပါ။ သူရဲ့ဦးလေးဟာ ရွှေတူးချင်စိတ်ပေါက်နေတယ်။



ရွှေတွေရရင် ချမ်းသာမှာပေါ့။ အဲဒီခေတ်က ရွှေတူးတာ အင်မတန်ခေတ်စားတဲ့ ကာလပေါ့။

သူတို့ဟာ ‘လူတစ်ယောက်ရဲ့ ဦးနှောက်က ရနိုင်တဲ့ရွှေဟာ တွင်းတူးတာထက် ရနိုင်တယ်ဆိုတာ သတိမထားမိကြဘူး’

သူဟာ မြေတွေကို ဂရန်ခံပြီး ပေါက်တူးတွေ ဂေါ်ပြားတွေနဲ့ အပင်ပန်းခံပြီး ရွှေတူးတာပေါ့။

သူ့အတွက် အကျိုးအမြတ် အတော်အသင့် ရှိတယ်။

ဒါဘီရဲ့ဦးလေးဟာ တစ်ပတ်နှစ်ပတ် ကြာလာတဲ့အခါ သူ့ရဲ့ အကျိုးအမြတ်နဲ့ သူ ကျေနပ်နေတယ်။ တကယ်လို့ စက်ပစ္စည်းတွေနဲ့တူးရင် ဒီထက် အကျိုးအမြတ်တွေရှိမှာကိုသိလို့ သူ့ရဲ့ဆွေမျိုးတွေကို စည်းရုံးကာ ငွေထည့်ပြီး စက်တွေ အစုစပ်ဝယ်ကြတယ်။

သူတို့ရဲ့ရွှေတွင်းကမြေကို စက်ရုံပို့၊ အရည်ကြိုကာ ရွှေထုတ်လာတဲ့အခါ သူတို့ရဲ့ရွှေတွင်းဟာ ကော်လိုရာဒိုမှာ အကောင်းဆုံးရွှေတွင်းတစ်ခုဖြစ်တာကို မငြင်းနိုင်ဘူး။

နောက်ထပ် ရွှေသုံးလေးကြိမ်လောက် ထုတ်ပေးလိုက်နိုင်ရင် ကြွေးတွေ ကျေတော့မှာပေါ့။

ဒါပေမဲ့... ရွှေကြော ရုတ်တရက်ပျောက်သွားတယ်။ ဘယ်လိုတူးတူး မတွေ့တော့ဘူး။ သက်တံကြီးပျောက်သွားတော့ အခြေမှာရှိတဲ့ရွှေအိုးကိုလည်း ရှာလို့မရတော့ဘူးပေါ့။

www.burmeseclassic.com



သူတို့ဆက်တူးပါတယ်။ တူးတယ်၊ တူးတယ်။ ဒါပေမဲ့… နောက်ထပ်ရွှေ မတွေ့တော့ဘူး။

နောက်ဆုံးတော့ သူတို့ရပ်လိုက်တယ်။

စက်ကိုလည်း ပစ္စည်းအဟောင်း ဝယ်သူထံ ရောင်းချလိုက်တယ်။ ဈေးမရပါဘူး။ မဖြစ်စလောက်လေးနဲ့ပဲ ရောင်းလိုက်တာပဲပေါ့။

သူတို့ ပစ္စည်းအဟောင်းကိုဝယ်တဲ့ သူဟာ သာမန်တော့ မဟုတ်ဘူး။ သူ့မှာလည်း အကြံအစည်ရှိတယ်။ သူက သတ္တုတွင်း အင်ဂျင်နီယာတစ်ယောက်ကိုခေါ်ကာ စစ်ဆေးတယ်။

'ရှေးကလူတွေဟာ တူးသာတူးတယ်၊ နားမလည်ကြဘူး။ ဒီနေရာမှာ ဖော့လိုင်း (Fault lines) တွေရှိတယ်' လို့ ပြောတယ်။ ဆက်ပြီး သူက 'နောက်ထပ်သုံးပေတူးရင် ရွှေကြောတွေ့မယ်လို့ ပြောတယ်'

တကယ်ပါပဲ။ သူပြောတဲ့အတိုင်း နောက် ၃ပေ တူးတော့ ရွှေကြောတွေ့ပါလေရော။

အဟောင်းပစ္စည်းဝယ်သူဟာ ဒေါ်လာသန်းပေါင်းများစွာ ပိုက်သွားတယ်။

ဘာကြောင့်လဲ။ သူဟာ မလုပ်ခင် တတ်ကျွမ်းသူတွေကို ရှာဖွေဆွေးနွေးတာကိုး။

အောင်မြင်သူ ၅၀၀ ကို စာရင်းယူကြည့်တဲ့အခါ အောင်မြင်သူအားလုံးဟာ မိမိတို့ အလဲထိုးခံရတဲ့ နောက်နားလေးမှာပဲ အောင်မြင်မှုကို တွေ့ရတယ်လို့ ဆိုတယ်။ ဆုံးရှုံးမှုဆိုတာ အင်မတန်ဉာဏ်များတယ်။



သူဟာ မိမိအောင်မြင်မှုပန်းတိုင်ကို ရောက်လုနီးလာရင် ချော်လဲသွားအောင် ခြေထိုးတတ်ကယ်။

ဒီအကြောင်းတွေကိုပြောပြတဲ့ အာယူဒါဘီဟာလည်း ယနေ့မှာ သူဌေးကြီးဖြစ်နေတယ်။

သူ ရွှေတွင်းတူးလို့ မဟုတ်ပါဘူး။ ဆုံးရှုံးမှုတွေကနေ သင်ခန်းစာယူခဲ့လို့ဖြစ်တယ်။

တကယ်တော့ ချမ်းသာဖို့ဆိုတာ အချိန်လေးလည်း ပေးမှ၊ သူရဲ့ ဆုံးရှုံးမှုတွေကတစ်ဆင့် သင်ခန်းစာကိုလည်း ယူတတ်မှတဲ့။

Every failure brings with the seed of an equivalent success လို့ ပြောခဲ့တာပဲ။

ဆုံးရှုံးမှုကနေ အောင်မြင်မှုကို လှမ်းနိုင်တယ်ဆိုတာကတော့ 'အနုပညာတစ်ရပ်' ပါပဲ။

ချမ်းသာမယ့်လူတစ်ယောက်ဆိုရင်တော့ ဒါလေးကို မှတ်ထားပါတဲ့။

'ချမ်းသာလာတဲ့အခါ ဥစ္စာပစ္စည်းတွေဟာ ဘာနဲ့မှမတူအောင် စီးဝင်လာတယ်။ ရေစီးကြောင်းကြီးလိုပဲ။ သင် မတားဆီးနိုင်ဘူး။'

ဒီတော့… 'ဆင်းရဲစဉ်က အဲဒီဥစ္စာဓနတွေဟာ ဘယ်မှာပုန်းရှောင်နေပါလိမ့်' လို့ သင်ထင်မှာပဲ။

ဒါဟာ ထူးခြားတဲ့ကောက်ချက်လို့ သင်ထင်မှာပဲ။

အထူးသဖြင့်… ချမ်းသာဖို့ဆိုတာ အင်မတန်ကြိုးစားဆောင်ရွက် လုပ်ကိုင်သူတွေ နေ့မအိပ်၊ ညမအိပ် ဆောင်ရွက်သူတွေအတွက်ပဲလို့ ယူဆကြလို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



Think and Grow Rich ထဲမှာ ချမ်းသာဖို့အတွက် အဓိကက စိတ်ပဲ။ ဘာလုပ်မယ်လို့ ကြံရွယ်ပါသလဲ။ ဘာရည်ရွယ်ချက်လဲ။

ဒါတွေကိုရဖို့ များများစားစားတော့ လုပ်ဖို့မလိုဘူးလို့ ဆိုထားတယ်။

အများစုကတော့... ချမ်းသာမှုကို ဆွဲဆောင်ဖို့ချမ်းသာတဲ့စိတ်ဓာတ်ပေါ့လေ။ အဲဒါကို ဘယ်လိုထားရမယ်ဆိုတာကို စိတ်ဝင်စားကြမှာပဲ။


နပိုလီယမ်ဟေးလ်က 'ဒီအတွက် ကျွန်တော် ၂၅ နှစ် အချိန်ကုန်ခံကာ လူ ၂၅၀၀၀ ကျော်ကို သုတေသနပြုခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တစ်တွေ ဘယ်ပုံဘယ်နည်း ချမ်းသာလာသလဲဆိုတာ သိချင်လို့ပဲ'

'ထိုသုတေသန မလုပ်ခဲ့ပါကလည်း ဒီစာအုပ်ဖြစ်မလာဘူး' လို့ သူက ပြောတယ်။

■



## ပြင်ဆင်ထားပါ



www.burmeseclassic.com

www.burmeseclassic.com



## Be Prepared

If you achieve your success without being prepared for it, You'll only end up looking foolish.

Most people achieved their greatest success one step beyond what looked like their greatest failure.

When your goals are clear, you'll come up with exactly the right answer at exactly the right time.



Y.W.C.A.

## ပြင်ဆင်ထားပါ

ဘာလုပ်ရမယ် ဆိုတာကို ကြိုတင်ကြံစည်ထားခြင်းမရှိဘဲ အောင်မြင်တဲ့အခါ ရှူးသလို ပေါ်သလို အရည်မရ အဖတ်မရနဲ့ ပြီးသွားတတ်တယ်။

လူအများစုဟာ အောင်မြင်မှု ရရှိတဲ့အခါကို ကြည့်လိုက်ရင် ကြီးကျယ်တဲ့ ဆုံးရှုံးမှုကြီးပေါ်ဖို့ လက်တစ်လုံးအလိုမှာပဲ ဖြစ်တယ်။

သင့်ရဲ့ပန်းတိုင်ကို ရှင်းရှင်းလေးမြင်နေရင်တော့ အချိန်မှန်မှာ အဖြေအမှန်ကို ရရှိမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာကို ဆိုလိုတာလဲ။ နည်းနည်းတော့ ခက်သလိုပဲပေါ့။ အင်္ဂလိပ်လိုရေးထားသူက Brian Tracy ဖြစ်တယ်။

ပထမအင်္ဂလိပ်လို ဖတ်ကြည့်ပါ။

မြန်မာလိုဆီလျော်သလို ပြန်ဆိုတာပါ။ တစ်ခါတစ်ခါလည်း တိုက်ရိုက်နီးပါးပြန်ဆိုတာတွေ ပါတယ်။

အကြောင်းအရာတစ်ခုကို ဘာသာစကားတစ်ခုကနေ နောက်ဘာသာစကားတစ်ခုကို ကူးပြောင်းရာမှာ ယူဆချက်တွေမတူတာကို တွေ့ရမယ်။ ဘာကြောင့်လဲဆိုတော့ မိမိတို့တစ်တွေရဲ့ အခြေခံတွေးတောတာတွေ ကွာခြားလို့ပါပဲ။



Brian Tracy က ပထမပိုဒ်မှာ ဘဝရဲ့ အောင်မြင်မှုကို ဖော်ပြထားတာ ဖြစ်တယ်။ အချို့ဟာ အောင်မြင်ပြီးကာမှ အရှုံးပေးလိုက်ရတာတွေ ရှိတယ်။ တကယ်လည်း အများကြီးပါပဲ။ ဒီလူတွေအကြောင်းကို ရေးထားတာဖြစ်တယ်။

အရွယ်မတိုင်မီ မှည့်တဲ့အသီး အရသာမရှိတဲ့ အကြောင်းကိုပြောတာ ဖြစ်တယ်။

ဒီလိုလူတွေနောက်ပိုင်းမှာ ဆုံးရှုံးရတာကတော့ အဆင်သင့်မဖြစ်ကြလို့ပါပဲ။

'လူတွေ ပညာသင်ယူတာဟာ သူတို့အတွက် နောင်ရေးပါ' လို့ ရှေးခေတ်ပညာရှင် 'အက်ဝပ်ဂျွန်း' က ပြောခဲ့တယ်။

မြန်မာတွေကလည်း 'ဥစ္စာဟူသည် မျက်လှည့်မျိုး ပညာဟူသည် မြတ်ရွှေအိုး' လို့ ဆိုထားတာ ဖြစ်တယ်။ ဒါကို အယူအဆလွဲမှားတွေ အများကြီးတွေ့ရတယ်။

အစွန်းရောက်တဲ့ သဘောပေါ့။

ပညာဟူသည် မြတ်ရွှေအိုးဆိုတော့ ပညာပဲရှာရမယ်၊ ဥစ္စာရှာစရာ လုံးဝမလိုဘူးလို့ထင်နေကြတယ်။

ဒီအခါ ဥစ္စာကို အဓိကထားသူတွေက 'ဘယ်မလဲပညာ၊ ပညာရဖို့ ပိုက်ဆံပေးသင်ရတာ မဟုတ်လား (ရွှေအိုးရှိမှ ပညာရ)'ဆိုတဲ့သဘောကို ပြောကြတယ်။

www.burmeseclassic.com



ဒါကိုကြည့်ရင် ပညာနဲ့ဥစ္စာဆိုတာ ဒင်္ဂါးပြား တစ်ခုတည်းက ခေါင်းနဲ့ပန်းကိုပြောတာသာ ဖြစ်တယ်။

ဥစ္စာနဲ့ပညာ နှစ်ခုစလုံး (သင့်တော်စွာရှိဖို့) လောကကြီးမှာ လိုအပ်တာပါပဲ။

ဒါက ပထမအပိုဒ်နဲ့ ဆိုင်တာပဲပေါ့။

ဒုတိယအပိုဒ်ကတော့ 'လူအများစုရဲ့အောင်မြင်မှု ရရှိတဲ့ အဖြစ်အပျက်ကိုကြည့်လိုက်ရင် ကြီးကျယ်တဲ့ ဆုံးရှုံးမှုဖြစ်ပေါ်ဖို့ လက်တစ်လုံးအလိုမှာပဲ အောင်မြင် လာခဲ့တယ်' လို့ ဆိုထားတယ်။

ဆိုလိုတာက သူတို့ဟာ လက်လျှော့လိုက်ရင် အောင်မြင်တော့မှာမဟုတ်ဘူး ဆိုတာပါပဲ။

ဒါဟာ ဆုံးဖြတ်ချက်ကို ပြောတာပဲ။

နပိုလီယမ်ဟေးလ်ရဲ့ ကျော်ကြားတဲ့စာအုပ် Think and Grow Rich ထဲမှာ ရွှေတူးတဲ့ လူ တစ်ယောက်ဟာ ရွှေတွေ့ဖို့ ၃ ပေအလိုမှာ ဆက်မတူး တော့ပဲ ရပ်လိုက်တယ်။

သူရဲ့ရွှေတူးစက်ကို နောက်လူတစ်ယောက်ကို ရောင်းလိုက်တယ်။

နောက်လူက ၃ ပေတူးရုံနဲ့ သူဌေးဖြစ်သွားတယ်။

ဒါဟာ ကံတရားလို့ပြောရင် လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ ၃ ပေကို ဆက်မတူးတာကြောင့် သူ့ရဲ့ချမ်းသာ နိုင်တဲ့ အနာဂတ်ကို ဆုံးရှုံးသွားတာဖြစ်တယ်။



ဒီတော့... မိမိတို့ဆုံးရှုံးတာ (မအောင်မြင်တာ) ဟာ အောင်မြင်ဖို့လက်တစ်လုံးအလိုမှာ ဆက်မကြိုးစား လို့သာ ဖြစ်လေ့ရှိတာကို သတိပြုဖို့ပါပဲ။

တတိယအချက်ကတော့... ပန်းတိုင်ပေါ့။

လူတွေမှာ ရည်မှန်းချက်ပန်းတိုင်တွေ ရှိကြ ပါတယ်။ အနည်းဆုံးတော့ ကြီးလာရင် ဘာဖြစ်ချင်တယ် ဆိုတာတွေရှိတယ်။

အေးအေးပဲ နေချင်သူတွေမှာလည်း သူတို့ ပန်းတိုင်တွေရှိတယ်။ (အေးအေးနေချင်တဲ့ ပန်းတိုင်ပေါ့)

ရည်ရွယ်ချက်ကြီးသူတွေ အချို့ကလွဲရင် လူတွေ မှာ ရှိနေတဲ့ပန်းတိုင်ဟာ သိပ်ပြီးတော့ ထင်ထင်ရှားရှား တော့ မရှိတတ်ဘူး။ ဒီအတွက် မိမိမှာရှင်းလင်းတဲ့ ရည်ရွယ်ချက် ပန်းတိုင်လေးကို ထားရှိသင့်တယ်။

When your goals are clear, you'll come up with exactly the right answer at exactly the right time. လို့ ဆိုတယ်။

ဆိုလိုတာက 'သင့်ရဲ့ပန်းတိုင်ကို ရှင်းရှင်းလေး မြင်နေရင်တော့ အချိန်မှန်မှာ အဖြေမှန်ကို ရရှိမှာပေါ့' လို့ ဖြစ်တယ်။

ပန်းတိုင် မှုန်ဝါးနေစဉ်မှာ ငွေကြေးဥစ္စာ၊ ဒါမှ မဟုတ် ကျော်ကြားမှုတွေရလာရင် သင် လမ်းပျောက် တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com




ဒါကြောင့်... လမ်းမပျောက်စေဖို့ ဥစ္စာနဲ့ပညာ မျှတစွာရှာတတ်ပါစေလို့ အကြံပြုရပါတယ်။

■



# ကြောက်ရွံ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



**Fear**

It is when you finally learn that your fears are all in your mind then your real life begins.
'Courage is rightly considered the foremost of the virtues, for upon it, all others depend.'

*(Winston Churchill)*



**ကြောက်ရွံ့ခြင်း**

သင့်ရဲ့ ကြောက်ရွံ့ခြင်းဟာ သင့်ရဲ့ စိတ်ထဲက ဖြစ်တာပါ။
ဒါကို တကယ့်ဘဝမှာ သိထားဖို့ပဲ။
သတ္တိဆိုတာ အရေးပါဆုံးသော စွမ်းအားပါ။
ဒီအပေါ်မှာပဲ ကျန်တာတွေ မှီတည်နေတာပါ။

*(ဝင်စတန်ချာချီ)*

www.burmeseclassic.com



သတ္တိပေါ်မှာ ကျန်တာတွေ မှီတည်နေတယ်လို့ ဝင်စတန်ချာချီက ပြောတယ်။

ကျန်တာတွေဆို ဘာတွေလဲ။

လူတွေရဲ့ ကြီးကျယ်မြင့်မြတ်မှုတွေပေါ့။

ဥပမာ... ရိုးသားဖြောင့်မတ်ဖို့ဟာ သတ္တိရှိဖို့ လိုတယ်။

လူတွေဟာ အမှားလုပ်မိကြတာပဲ။ (To err is human being) တဲ့။

ဒီအခါ မှားတာဘာကြောင့်လဲ သုံးသပ်သင့်တာပေါ့။

အဖေက အမှားလုပ်ရင် အမေနဲ့သားသမီးကို အပြစ်တင်တာတို့၊ သားသမီးက အပြစ်တွေလုပ်ရင် မိဘကို အပြစ်တင်တာတို့ဟာ ကမ္ဘာအနှံ့အပြားမှာရှိတယ်။

လူနေမှုစနစ်ရဲ့ ယဉ်ကျေးမှုတောင် ဖြစ်နေတယ်။

လူတွေဟာ အမှားတစ်ခုအတွက် အဖြေရှာရင် 'တရားခံထဲမှာ မိမိလည်းပါနိုင်တယ်' ဆိုတဲ့ ဆင်ခြင်တုံတရားကို ထည့်သွင်းစဉ်းစားဖို့ မေ့နေတတ်ကြတယ်။

ဒီလိုမေ့နေတာ သတ္တိမရှိကြလို့ပဲ။ ကြောက်ရွံ့နေကြလို့ပဲ။

တကယ်တော့ လူတွေကြောက်ရွံ့နေကြတယ်ဆိုတာ ရုပ်ပိုင်းဆိုင်ရာ အားနည်းကြလို့ပဲ။

လူတွေဟာ မွေးလာစဉ်ကဆို ဘာဆိုဘာမှ မလုပ်နိုင်ဘူး။



နွားတွေ၊ မြင်းတွေဆို ချက်ချင်းလမ်းထလျှောက်နိုင်တယ်။

လူတစ်ယောက် လောကကြီးထဲရောက်လာရင် ၁၀ နှစ်ကနေ နှစ် ၂၀ လောက် သူတစ်ပါးကို မှီခိုနေရတယ်။

ဒီလိုကြီးလာတဲ့အခါ သူ့ရဲ့ခွန်အားဟာ 'ကာယ' မဟုတ်ဘူး၊ 'ဉာဏ' သာဖြစ်တယ်။

လူရယ်လို့ဖြစ်လာရင် (လူတိုင်းမှာ) သင့်တင့်လျှောက်ပတ်တဲ့ အရည်အသွေးရှိတယ်။

သူ့ရဲ့ အရည်အသွေးတွေထဲမှာ ကျန်တဲ့သတ္တဝါမှာ မရှိတဲ့ ဘာသာစကားပြောတတ်တဲ့ Language ရှိတယ်။ တွေးတောဆင်ခြင်တတ်တဲ့စိတ်ဓာတ် ရှိတယ်။

သင်ကြားပေးရင် တတ်မြောက်နိုင်တဲ့ အရည်အသွေးတွေဆိုတာ လူတွေအတွက် အင်မတန်ခွန်အားကြီးတဲ့ 'လက်ဆောင်' ဖြစ်တယ်။

ဒါပေမဲ့ လူတွေဟာ 'အမှားနဲ့အမှန်' ဆိုတဲ့ လမ်းကျဉ်းထဲမှာ လျှောက်ပတ်နေကြတယ်။ ဒီလမ်းဟာ အလင်းရောင်လည်း နည်းတယ်။ ဒါကြောင့် ကြောက်နေကြတယ်။

ဘယ်ဟာ မှန်တယ်၊ မှားတယ်ဆိုတာကို မြင်တာလည်းရှိတယ်၊ မမြင်တာလည်း ရှိတာပေါ့။

အမှားကိုတိုးမိတာ အကြိမ်ကြိမ်ပဲ။

အမှားကိုတိုးမိရင် သင် ဘာလုပ်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



စောစောကပြောသလို သတ္တိမရှိသူတွေက အပြစ်ပုံချဖို့နေရာ ရှာတော့တာပဲ။

ဘယ်သူ့ကြောင့်လဲ။

တရားခံရှာတဲ့အခါ မိမိကိုယ်ကို ကွက်ပြီးချန်ထားတတ်ကြတယ်။

ဒီတော့... လူငယ်တွေဟာ သတ္တိရှိဖို့လိုကြောင်း ဝင်စတန်ချာချီပြောတာကို ဂရုစိုက်ပါ။

> 'Courage is rightly considered the foremost of the virtues, for upon it, all others depend.'

လူတိုင်း မှားဖူးတယ်။ မှားရင် သူများကို လက်ညှိုးမထိုးနဲ့။ မှန်မှန်ကန်ကန် ဆန်းစစ်ပါ။

သတ္တိရှိလာတဲ့အခါ မိမိဟာ သူတစ်ပါးအားကိုးရာ ဖြစ်လာမှာပါ။

■



## ဖုံးကွယ်နေတဲ့ စွမ်းရည်



www.burmeseclassic.com

www.burmeseclassic.com



## ဖုံးကွယ်နေတဲ့ စွမ်းရည်

[ ၁ ]

ရေနံတွင်း တစ်တွင်းတူးတာကို ရုပ်မြင်သံကြားထဲမှာ ကြည့်ဖူးတယ်။

မြေရိုင်းကြီးပါ။ အပင်တွေလည်း သိပ်မပေါက်တဲ့ ဖုန်းဆိုးမြေ။ အပင်တွေတောင် မပေါက်တဲ့နေရာ။ ရှေးအခါက ဒီအပါးမှာ စားကျက်တွေရှိတယ်။

အဲဒီနေရာရဲ့ အောက်ဘက်မှာ စိမ့်ထွက်တဲ့ရေ၊ ရေနံတွေရောနေတော့ ရေငတ်လို့လာသောက်တဲ့ ကျွဲတွေ၊ နွားတွေ သေတယ်။ ဒီလိုနဲ့ တောတွေ၊ တောင်တွေထဲမှာ နတ်ကြမ်းတယ်၊ တစ္ဆေတွေ၊ သူရဲတွေ ဖမ်းစားတတ်တယ်လို့ အယူသီးလာကြတယ်။

ဒါတွေကို လူတွေက 'ကျတ်ကုန်း' လို့ခေါ်လာကြတယ်။ နွားတွေ၊ ကျွဲတွေ ကျတ်ကုန်းသွားလို့ သေတယ်ဆိုပြီး လူတွေပါ တောထဲတောင်ထဲ မသွားရဲကြတာတွေ ရှိတယ်။

အဲဒီနေရာကိုပဲ တတ်ကျွမ်းတဲ့ ပညာရှင်တွေ လာကြတယ်။ လေ့လာတိုင်းတာတော့ ရေနံတွင်းတွေရှိနိုင်တယ်၊ တူးမယ်ပေါ့။ ပြင်ဆင်ကြတာပေါ့။ (ပြင်ဆင်တဲ့အခါ အရှေ့တိုင်းမှာဆိုရင် နတ်တင်တာတွေပါစမြဲပဲ)



ထားပါတော့၊ ပြင်ဆင်လို့ပြီးတဲ့အခါ တူးလည်းတူးလိုက်ရော မြေပေါ်ကို ရေနံတွေ ပန်းထွက်လာတာပါပဲ။ ရေနံတွင်းတွေတွေ့လာတာ ဒီလိုမျိုးတွေပဲပေါ့။

ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတွေလည်း မြေကြီးထဲက ထွက်တာပါပဲ။ မြေကြီးကို ဒီအတိုင်းကြည့်ရင် ဘာမှမရှိဘဲ။ ဘာမှမရှိတဲ့ဆီက ချမ်းသာကြွယ်ဝမှုဓနတွေကို ပေးနိုင်တယ်။ ဒါတွေဟာ တကယ်ပဲ။

[ ၂ ]

လူငယ်တွေရော။ သူတို့မှာ ဘာမှမရှိဘူးထင်ရတယ်။ သူတို့ ဘာမှမတတ်ဘူး ထင်ရတယ်။ သူတို့ဟာ လူကြီးတွေအကူအညီပေးနေရတဲ့ ကလေးလေးတွေပဲ။ ဒီကလေးတွေဟာ အလကားလို့ ထင်လား။ သူတို့မှာ ဘာမှမရှိဘူးလို့ ထင်လား။

ဒီကလေးတွေမှာ 'စွမ်းအင်' တွေ ရှိတယ်။ ဖုံးကွယ်နေတဲ့ အရည်အချင်းတွေရှိတယ်။ ဒီစွမ်းအင်တွေကို ကျွန်တော်တို့ မထုတ်နိုင်သေးတော့ မသိဘူးပေါ့။

ဘုန်းကြီးကျောင်းသား အောင်ဘုဟာ ဒေါက်တာခင်မောင်သက်ချိုဖြစ်လာတယ်။

ဈေးသည်သား တုတ်ပေါဟာ အင်ဂျင်နီယာမှူးဦးအောင်သက်ထွန်းကျော် ဖြစ်လာတယ်။

အကြော်သည် မယ်နှင်းရဲ့သမီးဟာ မားကက်တင်းမန်နေဂျာ ဒေါ်အလှဆုံးဖြစ်လာတယ်။

သူတို့တစ်တွေ ဘယ်လိုလုပ်ပြီး ဒီလိုဖြစ်လာတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

အောင်နက်ဆိုတဲ့ ခွေးရဲ့သား ဂုတ်ကျားဟာ ဝဲတွေကင်းလာပြီး လူတွေမွေးတဲ့ အင်းခွေးနဲ့တူချင် တူလာလိမ့်မယ်။ ဒါပေမဲ့ ခွေးဟာ ဘောလုံးကောက်တာနဲ့ နည်းနည်းပိုတဲ့ အစွမ်းလေးတွေ ပြနိုင်တာထက်ပိုပြီး ဘာမှ မတတ်လာဘူး။

နွားမကြီး ကြာညိုရဲ့သား နွားပြာကြီးဟာ နိုင်းနွား တစ်ကောင်ထက်ပိုပြီး ဖြစ်မလာဘူး။

ဘယ်တိရစ္ဆာန်ကိုမှ စာရင်းအင်းတွေ၊ ကွန်ပျူတာတွေ၊ ဘာသာစကားတွေ သင်ပေးလို့ မရဘူး။ (ကြက်တူရွေးကတော့ အသံတူအောင် ဆိုချင်ဆိုတတ်မယ် အဓိပ္ပာယ်ကို သူမသိဘူး)

လူတွေမှာ စွမ်းရည်တွေရှိတယ်။

လူငယ်တွေရဲ့စွမ်းအားကိုမြင်ဖို့ ခဲယဉ်းတယ်။ ဘယ်လောက်ရှိတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။ သူတို့ကိုယ်တိုင်လည်း မသိကြဘူး။ သူတို့ရဲ့လက်ထဲမှာ အနာဂတ်ကမ္ဘာကြီး ရှိတဲ့အကြောင်းပြောရင် သူတို့က ပြုံးနေကြတယ်။ စိတ်ထဲက ဒါကို မစဉ်းစားသူတွေပါ။

ကျောင်းပြီးတဲ့လူငယ်တွေဟာ ဘဝကိုရင်ဆိုင်ဖို့ တစ်ခါတစ်ခါ ကြောက်လန့်နေကြတယ်။ မိမိကိုယ်ကို မယုံရဲသူတွေ အများကြီးပဲ။

ဒီတော့ မလုပ်သင့်တာတွေ လုပ်မိတတ်တယ်။ မူးယစ်ဆေးကို အားကိုးမိတတ်ကြတယ်။



[ ၄ ]

ဒီစာကိုရေးပြီး လူငယ်တစ်ယောက်ကိုပြတော့ သူက 'စာစီစာကုံး' ရေးထားသလို လှအောင်ရေးထားတယ် ထင်နေတယ်။

'ဆရာ ရေးသလောက်လည်း လူငယ်တွေ မကြီးကျယ်ပါဘူး'

သူ့စကားကြားရတော့ စိတ်မကောင်းဘူး။

တကယ်တော့ ကျွန်တော်ရေးထားတာက နည်းနေပါသေးတယ်။ လူငယ်မှာရှိတဲ့စွမ်းအား ပိုတင်ရှယ် ဆိုတာ ဘယ်လိုမှတိုင်းလို့ရတာ မဟုတ်ဘူး။

ဥပမာ... ဘီလူးချောင်းကရေဟာ သာမန်ကြည့်ရင် ရိုးရိုးရေပဲပေါ့။ ဟုတ်ပါတယ်။ သူဟာ ရိုးရိုးရေပါပဲ။

ဒါပေမဲ့ သူဟာ ရေတံခွန်အပေါ်မှာရောက်နေတဲ့ အခါ စွမ်းအင်တွေအများကြီးကို ပေးနိုင်တယ်။ သူ့ကို တာဘိုင်အင်ဂျင်လည်ပတ်စေကာ လျှပ်စစ်ဓာတ်ကို ထုတ်ပေးလို့ရတယ်။ သူ့မှာ ပိုတင်ရှယ်အင်နာဂျီ (potential energy) ရှိတယ်။ ဒါဟာ ကြီးမားတဲ့ ကိုယ်ပိုင်စွမ်းအင် ပါပဲ။

[ ၅ ]

ဒါကြောင့် ပြောခဲ့ပြီးပါပြီ။ ဘယ်ခွေးတစ်ကောင် ကြောင်တစ်မြီးကိုမှ စာရေး စာဖတ် စကားပြောတတ်အောင် သင်လို့မရဘူး။

ကွန်ပျူတာသင်ပေးလို့လည်း မရဘူး။ တော်ရုံ

www.burmeseclassic.com

www.burmeseclassic.com



တန်ရုံလူတွေကိုတော့ သင်ပေးလို့ရတယ်။ ပညာတွေကို လက်ဆင့်ကမ်းလို့ရတယ်။ လူတွေမှာ မှတ်ဉာဏ်လည်း ရှိတယ်။ တီထွင်တွေးတဲ့ ဉာဏ်လည်းရှိတယ်။ ဘယ် ဉာဏ်ကိုမဆို လေ့ကျင့်လေ တိုးပွားလေပဲ။

လူငယ်တွေရဲ့ဘဝတစ်လျှောက်လုံးမှာ ကျောင်း နေကာ လေ့လာသူတွေ များတယ်။ အချို့ကတော့ ကျောင်းနဲ့အလုပ် တွဲကြတယ်။ အချို့ကတော့ အလုပ်ပဲ လုပ်တယ်။

လူတွေဟာ ကျောင်းနေနေ မနေနေ အလုပ် လုပ်ရင်း လောကကြီးမှာ သင်ယူနေတာပါပဲ။ ကျောင်း နေတာကတော့ ပိုစနစ်ကျအောင်လို့ပါ။

ဒီလူငယ်တွေဟာ မိမိစိတ်ဝင်စားရင် ဝင်စား သလို အတွင်းကစွမ်းအင် (အရည်အသွေး)တွေ ထွက်ပေါ် လာလေ့ရှိတယ်။ နည်းမှန်လမ်းမှန်နဲ့ တည်ဆောက်ပါ။

မိမိမှာရှိနေပြီးသား အရည်အသွေးကို ပြင်ပကို ထွက်လာအောင် ကြိုးစားပါ။ သင်ယူလေ့လာ ကြိုးစားပါ။

မိမိရဲ့ မြေကြီးက ရေနံထွက်ချင် ထွက်မယ်၊ ရွှေထွက်ချင် ထွက်မယ်။ ပုန်းကွယ်နေတဲ့အရည်အချင်း ကို လေ့လာ၊ သည်းခံပြီး ဘဝတိုးတက်အောင်မြင်အောင် ကြိုးစားပါ။ နည်းနည်းတော့ စိတ်ရှည်ရမှာပေါ့။

■



## ခြွင်းချက်တွေနဲ့ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



## ခြွင်းချက်တွေနဲ့ ဘဝ

ဘဝမှာ... ယေဘုယျလုပ်ပစ်လို့ မရတာတွေ အများကြီးရှိတယ်။

ဘဝမှာ ခြွင်းချက်တွေ အများကြီးရှိတယ်။

လူတွေရဲ့ဘဝတွေကို ယေဘုယျလုပ်ပစ်ကြတော့ မကျေလည်တာတွေ အများကြီးတွေ့ရတယ်။

♛

'ဟိုဘက်မှာ ရေတစ်စက်၊ ဒီဘက်မှာ ရေတစ်စက်တွေ့လား'

'ဟုတ်ကဲ့'

'ဘယ်နှစ်စက် တွေ့လဲ'

'နှစ်စက်ပေါ့'

'ဒီရေနှစ်စက်ကို ပေါင်းလိုက် ဘယ်နှစ်စက်ရမလဲ'

'တစ်စက်ပဲ ရတာပေါ့'

'တစ်နဲ့တစ် မပေါင်းသေးရင် နှစ်၊ ပေါင်းလိုက်ရင် တစ်တဲ့'

'တစ်နဲ့တစ် ပေါင်း နှစ်ဆိုတာ အမြဲမှန်တယ် မဟုတ်လား။ ခု... ဘာလို့မှားလဲ'

'အရေအတွက်ဆိုတာကြောင့်ပဲ။ အရေအတွက်ဆိုတာ စိတ်ချရတာမဟုတ်ဘူး'

♛

BURMESE CLASSIC .com



'အရေအတွက်အကြောင်းလေး ရှင်းပြပါဦး'

'တို့ငယ်ငယ်က အလုပ်တစ်ခုကို လူတစ်ယောက်လုပ်ရင် ရက် (၂၀)ကြာတယ်။ လူနှစ်ဆယ်လုပ်ရင် ဘယ်လောက်ကြာမလဲဆိုတဲ့ မေးခွန်းတွေ တွက်ရတယ်'

'အင်း... လူတစ်ယောက်လုပ်ရင် ရက် ၂၀ ဆိုတော့ လူနှစ်ဆယ်လုပ်ရင် တစ်ရက်ပဲ ကြာမှာပေါ့'

'သုံးချက်တွက်နည်းပေါ့လေ။ ဒါပေမဲ့ ခက်တာက အလုပ်အမျိုးအစားပေါ့။'

'တယောတစ်လက် လုပ်တယ် ဆိုပါတော့။ ကျွမ်းကျင်တဲ့ လုပ်သားတွေပဲသုံးဦးဟော့ လူ ၂၀ လုပ်ရင် တစ်လက်ကို တစ်ရက်နဲ့တော့ မပြီးတာ သေချာတယ်'

'ဟုတ်ကဲ့'

'လက်တွေ့ဘဝကို ယေဘုယျချတာကိုး။ ကွာတာတွေကို သတိထားဖို့လိုတယ်'

'စဉ်းစားစရာပဲ'

'အင်း... စဉ်းစားတတ်ရင် ဘဝဟာ နေပျော်ပါပြီ'

♛

စဉ်းစားစရာလေးတွေ ဥပမာ...

'လူတစ်ယောက်ဟာ အင်မတန်ချမ်းသာတယ်၊ အစစအရာရာပြည့်စုံတယ်ဆိုရင် နေ့စဉ်သူ ဘာလိုမလဲ'

'အစစအရာရာ ပြည့်စုံနေပြီဆိုမှတော့ သူ ဘာမှ မလိုတော့ဘူးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'လိုပါတယ်... မင်း စဉ်းစားပါဦး'

'ဘာလိုလဲ ဆရာ'

ရုပ်နဲ့စိတ် ဒွန်တွဲနေတာကိုတော့ လူတွေသိကြပါတယ်။

ဒါဟာ... ညီမျှခြေမှာ ရှိတယ်ဆိုတာကိုတော့ စဉ်းစားမိမှာမဟုတ်ကြဘူး။

သာမန်အားဖြင့် စိတ်နဲ့ရုပ်ကို မတွဲမိပေမယ့် ပညာရှင်အတော်များများက စိတ်နဲ့ရုပ်ဟာ တစ်ခုကိုတစ်ခု အထောက်အကူပြုနေတယ်ဆိုတာ လက်ခံထားကြတယ်။

သူတို့စိတ်ထဲမှာ မရှင်းတာက...

'စိတ်ကြောင့် ရုပ်ဖြစ်တာလား၊ ရုပ်ကြောင့် စိတ်ဖြစ်တာလား' ဆိုတဲ့အချက်ပဲ ဖြစ်တယ်။

ဥပမာ...

ဆာလောင်တဲ့ လူတစ်ယောက်ပေါ့လေ။ ရုပ်က လိုအပ်လို့ ဆာလောင်တဲ့စိတ်ဖြစ်တာပဲလို့ ယူဆကြတယ်။

ရုပ်ကို ဖြည့်ဆည်းတာတို့ ပြောတာပါပဲ။

ဒါပေမဲ့... အချို့က စိတ်က မူလလို့ ဆိုတယ်။ ဥပုသ်စောင့်သူတွေဟာ ညနေဘက် ထမင်းမစားဘဲ နေနိုင်တယ်။ များသောအားဖြင့် ဆာလောင်မွတ်သိပ်တဲ့ စိတ်လည်း မဖြစ်လာဘူး။ ဘာကြောင့်လဲ။

စိတ်ကြောင့်ပဲလို့ ဆိုကြတယ်။

ကြောက်ရွံ့တဲ့အခါ ဒါမှမဟုတ် ဝမ်းသာလုံးဆို့သွားတဲ့အခါ စားချင်စိတ်တွေ ပျောက်သွားတာဟာလည်း စိတ်ကြောင့်ပဲလို့ ပြောနိုင်တာပေါ့။



ဒါကြောင့်... ရုပ်ကြောင့် စိတ်ဖြစ်လား၊ စိတ်ကြောင့် ရုပ်ဖြစ်လားဆိုတဲ့ အမေးတွေရှိရတာ ဖြစ်တယ်။

တကယ်တော့ ရုပ်နဲ့စိတ်ဟာ မျှခြေ (equilibrium) မှာ ရှိနေတယ်ဆိုတဲ့ ယူဆချက်ဟာ စိတ်ရဲ့ လိုအပ်ချက်ကို ရုပ်က ဖြည့်ဆည်းပေးသလို ရုပ်ရဲ့ လိုအပ်ချက်ကိုလည်း စိတ်က ဖြည့်ဆည်းပေးနိုင်တယ်။ ဥပမာ... တစ်နှစ်လုံး အလုပ်ပြင်းပြင်းထန်ထန်လုပ်ခဲ့တဲ့ ကုမ္ပဏီမန်နေဂျာတစ်ယောက်ဟာ စိတ်အပန်းဖြေဖို့ အနားယူခရီးထွက်ခြင်းဖြင့် ပင်ပန်းတာတွေ ပြေပျောက်စေတယ်။ နောက်တစ်နှစ်မှာ အလုပ်ပိုလုပ်လာနိုင်တယ်။

အလုပ်ကြမ်း လုပ်သူတွေလည်း ညနေဘက် ရုပ်ရှင်လေးကြည့်တဲ့အခါ စိတ်ချမ်းမြေ့သွားတာကို တွေ့ရမယ်။ ဒါကို စိတ်အစာကျွေးတယ်ဆိုတဲ့စကား သုံးသူတွေ ရှိတယ်။

စိတ်အပန်းဖြေရင် ရုပ်ပိုင်းကို အကျိုးပြုကြောင်း၊ ရုပ်ပိုင်းထိခိုက်လျှင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ကြောင်း သာဓကများစွာရှိတယ်။

သာမန်အခြေအနေမှာ ရုပ်နဲ့စိတ် မျှခြေမှာရှိနေတာကို လက်ခံလာရင် အောင်မြင်ခြင်းနဲ့ဆိုင်တာကို ဆက်ပြောပြမယ်။

ရုပ်ကို ထိတွေ့နေတာ မိမိပတ်ဝန်းကျင် လူမှုရေး လိုအပ်ချက်တွေပေါ့။ ဆင်းရဲတာ ချမ်းသာတာတွေကို ထိတွေ့ခံစားနေတဲ့ အရာလို့ ယူဆလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ ထိတွေ့နေတဲ့ဝန်းကျင်မှာ သူပျော်မွေ့နေရင် စိတ်နဲ့ရုပ် မျှခြေမှာရှိနေတာပဲ။

ဒါပေမဲ့ သူ ထိတွေ့နေတဲ့နေရာထက်ပိုပြီး မြင့်မားတာကို လိုချင်လာတဲ့အခါ စိတ်နဲ့ရုပ် မျှခြေပျက်လာမှာဖြစ်တယ်။

ရုပ်က လိုလားတာကို စိတ်က လိုလားဖို့ ညီမျှခြေပြောင်းသွားမယ်။

ဒီအခါ စိတ်က လိုလားတာတွေကို မှတ်သားထားမယ်။ ရုပ်ဟာ လိုလားတာတွေကို ဆက်လက်ဆောင်ရွက်မယ်။

စိတ်နဲ့ရုပ်ဟာ ပြင်ပကမ္ဘာက ရုပ်ဝတ္ထုတွေကို ရအောင်ယူဖို့ ဘာမှ သိပ်မခက်ကြပါဘူး။

Imagine your ideal life, in every respect.

Hold that thought until it materialzes around you လို့ ဆိုထားတယ်။

မိမိကသာ လိုချင်တယ်လို့ စိတ်ကူးပါ။ စိတ်နဲ့မျှခြေဖြစ်စေဖို့ လိုတာကို ရုပ်ပိုင်းက ဖြည့်ဆည်းပေးမယ်လို့ ဆိုလိုတာပါပဲ။

'လိုအပ်တဲ့ပုံစံအတိုင်း တကယ်ဖြစ်မလာမချင်း အတွေးတွေကို အလျှော့မပေးပါနဲ့...' တဲ့။


မျှခြေရောက်သည်အထိ ဖွဲ့တော့ရှိပါ။

■

BURMESE CLASSIC .com



# ဆုံးရှုံးခြင်းနဲ့ ကြောက်ရွံ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



## Failure and Fear

It is not failure itself that it holds you back;
It is the fear that paralyzes you.

You inevitably attract into your life people and circumstances in harmony with your dominant thought.

Be positive; refuse to complain, condemn or criticize anyone or anything.

***(Personal Achievement)***

BURMESE CLASSIC .com



## ဆုံးရှုံးခြင်းနဲ့ ကြောက်ရွံ့ခြင်း

ဆုံးရှုံးတာကြောင့် သင့်ကို နောက်တွန့်စေတာ မဟုတ်ဘူး။
ဆုံးရှုံးမှာကြောက်လို့ သင် ဘာမှမလုပ်တာပါ။
သင်ဟာ လူတွေကို သင်နဲ့အတူ ဟန်ချက်ညီစွာ နေထိုင်ဖို့၊ ပတ်ဝန်းကျင် အခြေအနေနဲ့ လိုက်လျောညီထွေနေထိုင်ဖို့၊ သင့်ရဲ့ အတွေးအမြင်တွေနဲ့ သင့်ရဲ့စည်းမျဉ်းဘောင်ထဲကို သင်ပဲ ဆွဲသွင်းခဲ့တယ် မဟုတ်လား။
အမှန်အတိုင်း ရှုမြင်ပါ။
မညည်းညူပါနဲ့။
ဘယ်လိုလူကိုဖြစ်စေ ဘယ်လိုပစ္စည်းကိုဖြစ်စေ စောဒကတွေ တက်မနေပါနဲ့။
အပြစ်တွေ တင်မနေပါနဲ့။

*(ပုဂ္ဂလိကအောင်မြင်ရေး)*

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုလုပ်တာဟာ ရေထဲ ခုန်ချခါနီး လူတစ်ယောက်နဲ့ တူတယ်လို့ ဒေးကာနက်ဂျီက ပြောဖူးတယ်။ ဆောင်းတွင်းနံနက်စောစော ချမ်းချမ်းစီးစီးထဲမှာ ရေကူးကန်ထဲခုန်ချဖို့ ဒါမှမဟုတ် မြစ်ထဲဆင်းပြီး ရေချိုးဖို့ဆိုတာ အတော်လေးခက်ခဲတဲ့ အလုပ်ပဲ။

'အဲ... ခုန်သာချလိုက်ပါ။ နောက် ကြောက်နေတော့မှာ မဟုတ်တော့ဘူး' တဲ့။

ဟုတ်ပါတယ်။ ရေထိပြီးသွားတဲ့နောက်မှာတော့ အချမ်းမကြောက်တော့ပါဘူး။

ကျွန်တော်တို့တစ်တွေဟာ ဆန်းသစ်တဲ့အလုပ်တစ်ခု လုပ်ရတော့မယ်ဆိုရင် အတော်လေး ကြောက်နေကြတယ်။ လုပ်နေတဲ့အခါတွေမှာလည်း တစ်ခါတစ်ခါ ရပ်တန့်နေကြတယ်။ ဘာကြောင့်လဲ။

'မှားသွားရင်...' ဆိုတဲ့ အတွေးက နှိပ်စက်နေလို့ပါပဲ။ ကြောက်နေတာပေါ့။

လူဆိုတာ မှားတဲ့အမျိုးမို့ မှားတဲ့အတွက် မကြောက်ပါနဲ့တော့လေ။ လုပ်ကြည့်မှ အဖြေရရှိမှာပါပဲ။

ဒါပေမဲ့... မမှားချင်ကြဘူး။

အချို့က 'မလုပ်၊ မရှုပ်၊ မပြုတ်' ဆိုကာ ချောင်မှာ ကုပ်နေတတ်ပြီး မိမိရှိတဲ့ အစွမ်းအစကို ထုတ်မသုံးတော့တာကို တွေ့ရတယ်။

လူတွေရဲ့ ဦးနှောက်ဟာ (လူတွေရဲ့ အခြားအော်ဂင်တွေလိုပဲ) မသုံးရင် သံချေးတက်သွားတာပဲ။



လမ်းမလျှောက်တာကြာရင် ကြွက်သားတွေသိမ်ကာ လျှောက်လို့မရတော့ဘူး။

ညာသန်တဲ့လူဆိုရင် အလုပ်လုပ်တဲ့ ညာလက်ဟာ ဘယ်လက်ထက် ကြီးတယ်။ ဒီလိုပါပဲ... ဘယ်သန်သူရဲ့ ဘယ်ဘက်လက်ဟာ ညာလက်ထက် ကြီးနေတယ်။ အလုပ်မလုပ်ရင် အသက်တိုလာတာကို ကြည့်ပါ။

အလုပ်မလုပ်သူကို လောကကြီးက အလိုမရှိဘူး။ လူရယ်လို့ဖြစ်လာရင် မိမိနဲ့ သင့်တော်တာကို လုပ်ရမှာပဲ။

ခြေလက်မရှိသူတွေလည်း လုပ်နေကြတာပဲ။ မျက်စိနှစ်ကွင်း အလင်းမရသူတွေလည်း လုပ်နေကြတာပဲ။ ကလေးလည်း လုပ်တယ်၊ လူကြီးလည်း လုပ်တယ်။ သက်ကြီး ရွယ်အိုလည်း လုပ်တာပဲ။ (ဘုန်းကြီးတို့၊ သီလရှင်တို့မှာလည်း အလုပ်တွေ မပြတ်ဘူး)

ငါတော့ ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားမယ်၊ အလုပ်လုပ်မှ မှားသွားရင် ပိုဆိုးမယ်ဆိုပြီး ထိုင်နေတဲ့သူတွေ အများကြီးတွေ့ဖူးပါတယ်။

တကယ်တော့... အလုပ်တစ်ခုလုပ်ဖို့အတွက် ဖင့်လေးနေတာတို့ လမ်းခုလတ်မှာ ရပ်တန့်သွားတာတို့ဟာ ဆုံးရှုံးလို့ မဟုတ်ပါဘူး။ ကြောက်လို့သာ ဖြစ်တယ်။

မှားတော့ကော ဘာဖြစ်လဲ။

'မှားသွားတဲ့အခါ မိမိ ဘာလုပ်ရမလဲ'

မှားသွားရင် သူ့ကြောင့်၊ ဟိုလူ့ကြောင့်လို့... အပြစ်တွေ တင်မနေနဲ့။ မိမိဘာသာ မကျွမ်းကျင်လို့ မှားတာပဲ၊ အဆင်မပြေသေးလို့ မှားတာပဲ။ နောက်တစ်ကြိမ် ကြိုးစားပေါ့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘရု(စ်)ဆိုတဲ့ စကော့တလန်ဘုရင်အကြောင်း ကြားဖူးတယ်။ တစ်ခါက သူဟာ ရန်သူတွေဆီကနေ ပုန်းရှောင်နေတုန်း တဲလေးထဲက အိပ်ရာမှာ အိပ်နေတယ်။ အဲဒီမှာ သူမြင်တယ်။ ပင့်ကူလေးတစ်ကောင်ဟာ ထုတ်တန်းတစ်ခုကနေ နောက်တစ်ခုကိုကူးဖို့ သူ့ရဲ့ ချည်မျှင်ကြိုးလေးကိုသုံးကာ ကိုယ်ကို လွှဲလိုက်တယ်။ မအောင်မြင်ဘူး။

ဒီလိုနဲ့ ၆ ကြိမ်ရောက်သွားတယ်။ မအောင်မြင်ဘူး။ ဒီတော့ ဘရု(စ်)က စဉ်းစားတယ်။ငါဟာ အင်္ဂလိပ်တွေကိုတိုက်တာ ခြောက်ကြိမ်ရှိသွားပြီ။ ပင့်ကူလေးလိုပဲ မအောင်မြင်ဘူး။ ပင့်ကူလေး ၇ ကြိမ်ကြိုးစားမှာလားလို့ သူ ကြည့်နေတယ်။ ပင့်ကူလေး နောက်တစ်ကြိမ်လွှဲလိုက်တော့ အောင်မြင်သွားတယ်။

ဒီတော့ သူလည်း အားရှိလာတယ်။ ဒါကြောင့် သူဟာ နောက်ထပ်တစ်ကြိမ် အင်္ဂလိပ်တွေကို တိုက်ပြန်တယ်။ အဲဒီအကြိမ်မှာ အောင်ပွဲရခဲ့တယ်။

ဒါကြောင့် ဆုံးရှုံးမှာတော့ ကြောက်မနေပါနဲ့။ လုပ်သင့်တာတွေကို လုပ်ပါ။

'It is not failure itself that it holds you back; it is the fear that paralyzes you' တဲ့။


ကြောက်လို့ မလုပ်တဲ့လူတွေဟာ တကယ်တော့ ရာနှုန်းပြည့် ဆုံးရှုံးနေတာပါပဲ။

■

BURMESE CLASSIC .com



## ဆုံးရှုံးမှုမှရတဲ့ အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



## Failure is Another Opportunity

Your outer world tends to be the reflection of your inner world. The core of personality is your self-esteem. "how much you like your-self"
The more you like and respect yourself the better you do at everything you attempt.
'Failure is merely another opportunity to more intelligently begin again.

*(Henry Ford)*



## ဆုံးရှုံးမှုမှရတဲ့ အခွင့်အရေး

ပြင်ပကမ္ဘာမှာဖြစ်နေတဲ့ ဖြစ်ရပ်တွေဟာ သင့်ရဲ့ အတွင်းစိတ်က ရောင်ပြန်ဟပ်နေတာပဲပေါ့။
သင့်ရဲ့ အသွင်အပြင် ရုပ်လက္ခဏာတွေဟာ သင့်ရဲ့ အတွင်းစိတ်က ရောင်ပြန်ဟပ်တဲ့ သင့်ရဲ့ တန်ဖိုးထားမှုတွေပါပဲ။
သင့်ကိုယ်ကိုယ်သင် တန်ဖိုးထားသလောက် အပြင်ကလည်း ဒါလောက်ပဲ တန်ဖိုးထားမှာပဲပေါ့။
သင့်ကိုယ်သင် တန်ဖိုးထားလေ သင် ကြိုးစားတာလည်း အောင်မြင်လေဖြစ်မှာပဲ။
'ဆုံးရှုံးတယ်ဆိုတာ နောက်တစ်ကြိမ် ပိုပြီးမြင်ကျယ်စွာ အလုပ်တစ်ခုကို စတင်လိုက်တဲ့ အခွင့်အလမ်းပဲ'

(ဟင်နရီဖို့ဒ်)

www.burmeseclassic.com

www.burmeseclassic.com



ဟင်နရီဖို့ဒ်ဆိုတာ 'ဖို့ဒ်မော်တော်ကား' တွေ ထုတ်လုပ်တဲ့ သူဌေးကြီးပဲ။ ဓာတ်ဆီအင်ဂျင်စက်ကို ကိုယ်တိုင်တီထွင်ပြီး မော်တော်ကားမှာ အသုံးဝင်အောင် တပ်ဆင်ခဲ့တယ်။

သူ့ရဲ့ စက်ရုံပုံစံကြောင့် စရိတ်စက သက်သာတဲ့ မော်တော်ကားကို ထုတ်လုပ်နိုင်ခဲ့တာဖြစ်တယ်။

သူရဲ့ကြိုးစားမှုကြောင့် မီလျံနာတွေမှ သုံးနိုင်တဲ့ မော်တော်ကားတွေကို လူလတ်တန်းစားတွေ သုံးလာနိုင်ကြတာ ဖြစ်တယ်။



သူက စခဲ့တဲ့လုပ်ငန်းအချို့ကို ယနေ့တိုင် သုံးနေရသေးတယ်။

ဟင်နရီဖို့ဒ်ဟာ လူတွေ ကားစီးနိုင်အောင် ဆောင်ရွက်ပေးသူရယ်လို့ နာမည်ကြီးသူဖြစ်တယ်။

တီထွင်ကြံဆတတ်တဲ့ လူတစ်ယောက်အတွက် ဆုံးရှုံးမှုတွေဟာ ထပ်ခါတလဲလဲတွေ့နေရမှာ သေချာတယ်။ ဒီလို ဆုံးရှုံးလေ သူရဲ့စဉ်းစားတွေးခေါ်မှုပညာဉာဏ် ရင့်သန်လေပါပဲ။

ဒါကြောင့်... ဆုံးရှုံးတာကို အခွင့်အရေးတစ်ရပ် အနေနဲ့ယူကြဖို့ ပြောကြားတာဖြစ်တယ်။

လူတွေမှာ ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာ ဆိုတဲ့ ဆရာသုံးဦးရှိတယ်။

ကြားတာ၊ မြင်တာတွေထဲမှာ လက်တွေ့လုပ်ကိုင်လာတဲ့ ကိုယ်တိုင်ထိတွေ့မှုက ရတဲ့ပညာဟာ ကိုယ်ပိုင်ဖြစ်တယ်။ အင်မတန်ကောင်းတယ်။ ဆရာတွေကတော့ ကူတာပေါ့။ ဆရာတွေဆီက တတ်တာက လက်တွေ့ထိတွေ့တာလောက် မစွဲမြဲတတ်ဘူး။ ဒီနေရာမှာ ဆိုလိုတာက ဆရာတွေ မလိုဘူးလို့ အချို့ယူဆချက်ပဲ။

လူ့ဘောင်လောက တိုးတက်တာကတော့... 'သင်ကြားမှုတွေ' ကြောင့် ဖြစ်တယ်။ သင်ကြားဖို့အတွက် (၃)မျိုးလိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးသူ (ဆရာ)ရယ်၊ သင်ယူသူ (တပည့်)ရယ်၊ သင်ပေးတဲ့ပစ္စည်း (ပညာ)ရယ်ဆိုပြီး (၃)မျိုး ပါဝင်တယ်။

ကျောင်းဆရာကတော့ စာတွေသင်တာပေါ့။

လက်သမားဆရာကတော့ လက်သမားအတတ် သင်တာပဲ။

စာသင်တဲ့ဆရာတွေက လက်တွေ့တွေ နည်းတယ်။ အသက်မွေးဝမ်းကျောင်း ပညာသင်သူတွေကတော့ လက်တွေ့တွေသင်တာ များတယ်။ လက်တွေ့သင်ယူမယ်၊ ဒါမှမဟုတ် လုပ်ကိုင်ကြမယ်ဆိုရင် ပိုပြီး တိုးတက်လာတယ်။

ဒါပေမဲ့ လက်တွေ့လုပ်တိုင်း အောင်မြင်တာ မဟုတ်ဘူး။

လက်တွေ့လုပ်တဲ့အခါတွေမှာ ဆုံးရှုံးမှုတွေ ရှိလာမှာ ဖြစ်တယ်။ ဆုံးရှုံးမှုဟာ ခါးသီးစေတယ်၊ နာကြည်းစေတယ်။ ခါးသီး နာကြည်းလာမယ်ဆိုရင် အဲဒီ သင်ခန်းစာဟာ ဘဝအတွက် အကောင်းဆုံးသင်ခန်းစာပဲ။

မိမိထိတွေ့တဲ့ ဝန်းကျင်မှာ လေ့လာစရာတွေ အများကြီးပါ။ ဒါပေမဲ့ ခံစားတာကတော့ မတူဘူး။

တရားပြတဲ့သူဟာ သူတစ်ပါးဆွေမျိုး မိတ်သင်္ဂဟတွေ ကွယ်လွန်တဲ့အခါ တရားပြဖို့လွယ်ပါတယ်။ ဒါပေမဲ့ မိမိရဲ့မိခင် ကွယ်လွန်ရင် တရားပြလည်း တရားမရနိုင်တာကို တွေ့ရမယ်။ သဘာဝပေကိုး။



လူတွေဟာ သဘာဝကို မလွန်ဆန်နိုင်ဘူး။ သဘာဝပြင်ပ ရောက်မသွားနိုင်ကြဘူး။ ဒီတော့... သဘာဝကရတဲ့ သင်ခန်းစာတွေကို သုံးပြီး သဘာဝနဲ့ လိုက်လျောညီထွေစွာ နေထိုင်ရမယ်။ တကယ်တော့ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေစွာ လိုက်လျောညီထွေစွာ နေဖို့အတွက် မေတ္တာတရားလိုတယ်။ မေတ္တာထားတဲ့သူရဲ့ မျက်နှာလေးဟာ ကြည်လင်နေတယ်။ ဘာကြောင့်လဲ။

ရောင်ပြန်ဟပ်တာပဲတဲ့။

ဟင်နရီဖို့ဒ်က ပြောတယ်။

'သင့်ရဲ့ အသွင်အပြင် ရုပ်လက္ခဏာတွေဟာ သင့်ရဲ့ အတွင်းစိတ်က ရောင်ပြန်ဟပ်တဲ့ သင့်ရဲ့ တန်ဖိုးထားမှုတွေပါပဲ'

သင့်ကိုယ် သင် တန်ဖိုးထားသလောက် အပြင်ကလည်း ဒါလောက်ပဲ တန်ဖိုးထားမှာပဲပေါ့။

''သင့်ကိုယ်သင် တန်ဖိုးထားလေ သင် ကြိုးစားတာတွေလည်း အောင်မြင်လေဖြစ်မှာပဲ'' တဲ့။

ကျွန်တော်တို့ မြန်မာဗုဒ္ဓဘာသာဝင်တွေဟာ မေတ္တာကို လက်ခံပါတယ်။ စေတနာကို ပေးခဲ့ကြပါတယ်။ ဒါပေမဲ့ အလုပ်လုပ်တာများလေလေ အမှားတွေ တွေ့လေလေဖြစ်မှာပါပဲ။

ဒီအတွက် ဘာ ကြောင့်ကြနေကြလဲ။

www.burmeseclassic.com

www.burmeseclassic.com



'ဆုံးရှုံးတယ်ဆိုတာ နောက်တစ်ကြိမ် ပိုမိုအမြင်ကျယ်စွာ အလုပ်တစ်ခုကို စတင်လို့ရတဲ့ အခွင့်အလမ်းပဲ' တဲ့။

ကဲ... လူငယ်တို့ ဆင်ခြင်ဖို့အတွက် တင်ပြတာပါ။

■



# အကျင့်နှင့်ပတ်သက်သော နိယာမ



www.burmeseclassic.com

www.burmeseclassic.com



### The Law of Habit

Fully 95 percent of everything you do is the result of your habits, either helpful or hurtful.

You can develop habits of success by practising and repeating success behaviours over and over until they become automatic.

*(Brian Tracy)*



### အကျင့်နှင့်ပတ်သက်သော နိယာမ

၉၅ ရာခိုင်နှုန်းသော သင်လုပ်တဲ့အလုပ်တွေဟာ သင့်ရဲ့ အကျင့်တွေကနေ ရတဲ့ရလဒ်တွေပဲ။ ဒါဟာ သင့်ကို အထောက်အကူ ပြုချင်ပြုမယ်၊ အန္တရာယ်ပြုချင်လည်း ပြုမှာပဲ။

အောင်မြင်စေတဲ့ အကျင့်အကြံတွေကိုတော့ သင် လေ့ကျင့်ပျိုးထောင်ဖို့လိုတယ်။ အောင်မြင်မယ့် ပြုမူဆောင်ရွက်ချက်တွေကို အထပ်ထပ်အခါခါ လေ့ကျင့်ပါ။ ဒီလိုဆောင်ရွက်ချက်တွေဟာ အလိုအလျောက် ဖြစ်လာမှာပါ။

*(ဘရိုင်ယင်ထရေစီ)*

www.burmeseclassic.com

www.burmeseclassic.com



လူတွေမှာ အခြားသတ္တဝါတွေနဲ့မတူတဲ့ အချက်တွေ အများကြီးရှိတယ်။

လူတွေမှာ 'မွေးရာပါ သိမှတ်ထားရှိမှု' (instinct) လို့ ခေါ်တဲ့ ဗီဇစိတ်ဟာ အင်မတန် အားနည်းတယ်။

ဥပမာ... စာဘူးတောင်းဟာ ဘယ်သူမှ မသင်ပေးဘဲ အသိုက်ဆောက်နိုင်တယ်။

ပုရွက်ဆိတ်ဟာ ရေကြီးမယ်ဆိုတာကို အလိုအလျောက်သိတယ်။

ဆောင်းတွင်းမှာ ငှက်တွေဟာ တောင်ဘက်ကို ပျံသန်းကာ နွေးတဲ့နေရာရှာဖို့ မသင်ကြားဘဲ တတ်မြောက်ကြတယ်။



လူတွေကျတော့ သင်ကြားမှ တတ်တာတွေ များတယ်။

လူရဲ့ ဦးနှောက်တည်ဆောက်ပုံဟာ အခြားသတ္တဝါတွေနဲ့ အလွန်ကွာခြားတယ်လို့ ပြောတယ်။

ဒါပေမဲ့ လူတွေမှာလည်း ဗီဇစိတ် (instinct) တော့ အသင့်အတင့်ရှိတာကို တွေ့ရတယ်။ ဒါပေမဲ့ အဲဒီ ဗီဇစိတ်ဟာ လူကို မလွှမ်းမိုးဘူး။

ဗီဇစိတ်အရကြည့်ရင် အချို့သူများ (အထူးသဖြင့် မိန်းကလေးများ)ဟာ ကြွက်ကြောက်တာတို့၊ အချို့ တီကောင် ကြောက်တာတို့ကို ကြည့်ရင်သိနိုင်တယ်။

လူတွေရဲ့ တစ်ခုခုဖြစ်မှာကို ပူပန်တတ်တာတွေဟာလည်း ဗီဇစိတ်ကို အခြေခံတယ်လို့ ဆိုနိုင်တယ်။

ယနေ့လူသားတွေကတော့ ဒါတွေကို ခေါက်ထားကြတယ်။ ဗီဇစိတ်ကို အလေးတယူမရှိကြဘူး။

လူတွေဟာ မိမိတို့ရဲ့ ဉာဏ်ပညာကိုသာ အသုံးချပြီး ယုံကြည်လာတာကို တွေ့ရတယ်။

ဆိုလိုတာက လူသားတွေရဲ့ဘဝမှာ ဉာဏ်ကို သုံးတာသာ များတယ်။

ဗီဇစိတ်ကိုတော့ မသုံးကြဘူး။

ဒီလို လူသားတွေထဲမှာ 'အောင်မြင်သူများ' နဲ့ 'မအောင်မြင်သူများ' ရယ်လို့ နှစ်ပိုင်းတွေ့လာရတယ်။

လူသားချင်းအတူတူ အချို့က ပိုမိုအောင်မြင်ပြီး အချို့ ဘာလို့မအောင်မြင်ရတာလဲ၊ အောင်မြင်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



မအောင်မြင်တဲ့အကြားမှာ ခြားနားချက်ပေါင်း များစွာရှိမှာ ဖြစ်တယ်။

အောင်မြင်ခြင်းအတွက် (Law of Success) ကို ရေးသူ (Brian Tracy) ရဲ့ အဆိုအရတော့ အောင်မြင်ဖို့အတွက် လေ့ကျင့်မှုလိုတယ်ဆိုတဲ့အချက်ပဲ ဖြစ်တယ်။

လူတွေဟာ မိမိပြုမူဆောင်ရွက်တာတွေထဲက ၉၅ ရာခိုင်နှုန်းဟာ အလေ့အကျင့်ကြောင့်လို့ သူက ဆိုတယ်။

လူတွေကို လေ့ကျင့်ပေးလို့ရကြောင်း ထင်ရှားတယ်။

မနက် အိပ်ရာထရင် ကော်ဖီသောက်၊ အိမ်သာတက်၊ သွားတိုက်ဆိုတဲ့ အစီအစဉ်ကို ဆွဲထားလေ့ကျင့်သွားရင် လူတွေရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ ဒီလိုပဲ ဖြစ်သွားတတ်တယ်။

ဒီလို မဖြစ်သေးသမျှ (လေးငါးရက်လောက်) လေ့ကျင့်ဖို့ လိုတာပဲ။

ဆဲတတ် ဆိုတတ်သူတွေလည်း ဒီလိုပဲ လေ့ကျင့်ရတယ်။

ဒါပေမဲ့... အချို့ဆဲရေးတိုင်းထွာ စကားပြောတတ်သူတွေဟာ ဒီလိုပြောပါမှ အားရတာကိုတွေ့ရတယ်။ အဲဒီလို လူတွေကတော့ ဒါကို ပြင်ဖို့စိတ်မကူးကြဘူး။

သူတို့ဟာ ပတ်ဝန်းကျင်ရဲ့ မလေ့ကူးစက်သွားတာကြောင့်ပဲ ဖြစ်တယ်။



သူတို့က ဒါဟာ မပြောကောင်းဘူးလို့ မယူဆသမျှတော့ ဆဲရေးတိုင်းထွာပြောနေကြမှာပဲ ဖြစ်တယ်။

အောင်မြင်မှုအတွက် အလေ့အကျင့်လုပ်ရင်တော့ ပထမ မိမိကိုယ်ကို သန့်ရှင်းအောင်လုပ်ဖို့လိုတယ်။ မိမိစိတ်သန့်ရှင်းကြည်လင်နေစေဖို့ အဝတ်သန့်သန့်ဝတ်မယ်၊ ဘုရားသွားမယ်၊ ဥပုသ်စောင့်မယ်၊ ဒါတွေလုပ်ရင် စိတ်တွေ သန့်ရှင်းကြည်လင်လာမှာ ဖြစ်တယ်။

အဲဒီနောက် မိမိလုပ်ချင်တာတွေကို ဆုံးဖြတ်ချက်ချရမယ်။

သန္နိဋ္ဌာန်သဘောပေါ့။ (Resolution) ချရမှာ ဖြစ်တယ်။

လူတွေက နှစ်သစ်မှာ သန္နိဋ္ဌာန်ချတယ် (New Year Resolution) ဆိုတာ မိမိစိတ်ကို အောင်နိုင်ဖို့ အလေ့အကျင့်လုပ်ပေးတာနဲ့ တူတယ်။

အဲဒီ လေ့ကျင့်မှုတွေဟာ အလေ့အကျင့် (Habit) ဖြစ်လာရင် အောင်နိုင်ဖို့နီးစပ်လာပြီ ဖြစ်တယ်။

You can develop habits of success by practising and repeating success behaviours over and over until they become automatic တဲ့။

ကိုယ်အမူအရာ နှုတ်အမူအရာ စောင့်ထိန်းပါ။

မိမိဆန္ဒကို ဦးစားမပေးပါနဲ့။

စိတ်စေတနာတွေကို ပေါ်ထွက်ပါစေ။ ဥပမာ... ဈေးရောင်းကောင်းအောင် ပြုံးပြဆိုတိုင်း သွားဖြီးပြနေ

www.burmeseclassic.com

www.burmeseclassic.com




တာထက် စိတ်ပါလက်ပါ စေတနာနဲ့ မိမိအပြုံးဟာ သူတစ်ပါးကို စိတ်ချမ်းသာစေမယ်။ မိမိကိုယ်ကိုလည်း စိတ်ချမ်းသာစေတဲ့ အပြုံးမျိုးတွေ ဖြစ်နေပါစေ။ ဒါဟာ ကိုယ်ခန္ဓာထဲမှာစွဲနေတဲ့ အမှုအကျင့်သာဖြစ်ပါစေ။

သေချာပေါက် အောင်မြင်မှာပါ။

■



စကားပုံလေးကို ခံစားကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



## စကားပုံလေးကို ခံစားကြည့်ပါ

(မြန်မာ စကားပုံရယ်၊ မြန်မာ ဆိုရိုး စကားရယ် ဆိုပြီး စာအုပ်တွေ ရှိတယ်။ ဒါတွေဟာ ပညာရှင်အတွက် တန်ဖိုးရှိတဲ့ စာအုပ်တွေ ဖြစ်တယ်။ ကမ္ဘာ့စာပေမှာလည်း ဒီလိုပဲ အဆိုအမိန့်တွေ၊ စကားပုံ၊ ဆိုရိုးတွေ ရှိတယ်။ တစ်ခါတစ်ခါ ညှိနှိုင်းကြည့်နိုင်ဖို့ ယခုဆောင်းပါးမှာ တင်ပြထားတယ်။)



စကားလေးတွေကို ခံစားကြည့်ပါ။ အတွေးလေး တွေ ကွန့်မြူးလာမယ်တဲ့။ စရအောင်။

*'If it's painful for you to criticize your friends, you are safe in doing it: if you take the slightest pleasure in it, that is the time to hold your tongue'* တဲ့။

*'မိတ်ဆွေတွေ အပြစ်ပြောရ ဝေဖန်ရတဲ့အခါ ရင်ထဲမှာခံစားရတယ်ဆိုရင်တော့ သင့်မှာ ဘာအန္တရာယ်မျှ မရှိသေးဘူးတဲ့။ တကယ်လို့ ဒီလိုဝေဖန်တာကို နည်း နည်းလောက် ကြည်နူးမိရင်ပဲ ဆက်လက်မပြောမဆို မိဖို့ ဂရုပြုသင့်ပါသတဲ့'*

လူတွေရဲ့အမှားတွေကို ထောက်ပြတာကို ဝေဖန် တယ်လို့ ခေါ်တယ်။ အင်္ဂလိပ်လို criticize လုပ်တယ် လို့ ဆိုတယ်။ စာပေဝေဖန်သူတွေကို critics လို့ ခေါ်တယ်။

ဒီလိုဝေဖန်တိုင်း မကောင်းတာကို ထောက်ပြ တာတွေ ပါဝင်လာတာဖြစ်တယ်။ စာပေဝေဖန်တာကြောင့် မိတ်ဆွေပျက်ရသူတွေ အများကြီးပဲ။

ဘာပဲ ဝေဖန်ဝေဖန် အကျိုးပြုလိုတဲ့စိတ်နဲ့သာ ဖြစ်ရပါမယ်။ မိမိမိတ်ဆွေကို ဝေဖန်တဲ့အခါမှာ အိုးထိန်း သည်ဟာ အိုးကိုကောင်းအောင် ရိုက်ခတ်တဲ့သဘောမျိုး ရှိရတယ်။ မြင်းခွာဖြစ်လာဖို့ သံကို မီးထဲထည့်၊ ထုရိုက် ရသလို ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီသဘောမျိုးမဆောင်ဘဲ ဒီကောင့်ကို ငါပြော လိုက်ရပြီဆိုတဲ့ အနိုင်ရတဲ့သဘောပါလာရင် နည်းနည်း တော့ သတိထားပေတော့လို့ သတိပေးတာပါပဲ။

ဆိုလိုတာက ဝေဖန်ရေးဟာ အင်မတန်အန္တရာယ် ကြီးတယ်။ ဒေးကာနက်ဂျီရဲ့ မိတ်ဆွေကောင်းဋီကာမှာ မိတ်ဆွေကောင်းတွေလိုချင်ရင် ချီးမွမ်းပါလို့ မှာထား ပါတယ်။ ဒါရဲ့ ပြောင်းပြန်ကတော့ ဝေဖန်အပြစ်တင်တာ ပါပဲ။ သတိထားသင့်ပါတယ်။

နေ့စဉ် တွေ့မြင်နေရတာတွေကနေ ပြောစရာ လေးတွေ ရှိတယ်။

*Time and tide wait for no man.* တဲ့။

**အချိန်နဲ့** ဒီရေဟာ လူကိုမစောင့်ဘူးလို့ ဆိုလိုတာ ပါပဲ။

**ဒီစကားပုံလိုပဲ။** မြန်မာစကားတွေထဲမှာ ရှိတယ်။

**လသာတုန်း** ဗိုင်းငင်ဆိုတာပေါ့။

**အဓိကကတော့** လူတွေမှာ အနတ္တဆိုတဲ့ အစိုးမရ တာတွေထဲမှာ မိမိပိုင်ဆိုင်ပြီးမှ လက်လွှတ်သွားတာ ကတော့ အချိန်ပဲပေါ့။ အချိန်သာမရှိရင် သက်ရှိတွေလည်း မရှိဘူးတဲ့။

ကဲ... အချိန်ဟာ ဒါလောက်တောင်ပဲ အရေးကြီး တယ်။ လူတွေထဲမှာ တစ်နေ့တစ်နေ့ လက်ဖက်ရည်ဆိုင် ထိုင်ပြီး ဝေဖန်လိုက်၊ လေကန်လိုက်နဲ့ အချိန်ဖြုန်းတဲ့ သူတွေ မနည်းလှဘူးတဲ့။ သူတို့ရဲ့ အကျင့်တွေကနေ ဘာထူးခြားတဲ့အကျိုးတွေကို ရသလဲ။



**လူဆိုတာ** တစ်နေ့မှာ 'ပညာ၊ ဥစ္စာ၊ ကုသိုလ် (ဘာဝနာ)' တစ်ခုခုကို ရသင့်ပါသတဲ့။ မိမိလုပ်ဖို့ အလုပ် တွေကိုပစ်ထားပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်သူတွေ အတွက်တော့ အကျိုးမဲ့လွန်းပါတယ်။ ဒါပေမဲ့ မိမိရဲ့ စီးပွားရေးအတွက် လက်ဖက်ရည်ဆိုင်ကို ရုံးခန်းသဖွယ် သုံးထားသူများလည်း ရှိတတ်သေးတယ်။ လက်ဖက်ရည် တစ်အိုးနဲ့ တစ်နေကုန် အလုပ်ရှာနေသူတွေ အများကြီးရှိ တတ်တယ်။

ဒါပေမဲ့ လက်ဖက်ရည်ဆိုင်ကတော့ လက်ဖက် ရည်ဆိုင်ပဲ ဖြစ်သင့်တာပေါ့။ အချိန်ကို ဘယ်လိုသုံးသုံး ဘယ်လိုဖြုန်းဖြုန်း လူတိုင်းအတွက် တစ်ရက် ၂၄ နာရီပဲ။ ပိုလည်း မပိုဘူး၊ လိုလည်း မလိုဘူး။

နိုင်ငံရေး စကားတစ်ခုလောက်တော့ ပြောချင် တယ်။ နိုင်ငံရေးစကားဆိုတော့ မကြောက်သွားပါနဲ့။ လူနဲ့ နိုင်ငံရေးဟာ တွဲနေတယ်တဲ့။ ခုပြောပြမယ့် နိုင်ငံရေး စကားဟာ တကယ်တော့ လူမှုရေးနယ်ပယ်မှာလည်း တွင်ကျယ်နေတဲ့စကား ဖြစ်မှာပါပဲ။ အဲဒါကတော့...

*No people wants to be despised* ပါပဲ။

ဘယ်သူမှ အထင်သေးနှိမ့်ချတာကို မခံလို ဘူးတဲ့။

ဒီစကားကို ပြောသွားတာကတော့ စင်ကာပူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူးပါပဲ။

လီကွမ်ယူးဟာ စင်ကာပူနိုင်ငံသေးသေးလေး ဆိုတဲ့ city-state မြို့နိုင်ငံလေးကို ကမ္ဘာ့အဆင့်အတန်း မီ နိုင်ငံတစ်ခုဖြစ်အောင် တည်ဆောက်ပေးနိုင်သူဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက လူ့သဘာဝ၊ လူတွေရဲ့ စိတ်ဓာတ်တွေကို အထူးနားလည်သူတစ်ယောက် ဖြစ်တယ်။

သဘာဝပစ္စည်းဆိုလို့ ရေတောင် နိုင်ငံခြားက တင်သွင်းနေရတဲ့ ဒီနိုင်ငံလေးကို စိတ်ဓာတ်တွေနဲ့ အကောင်အထည်ဖော်တာဖြစ်တယ်။

တရုတ်စကားပုံလည်းရှိပါတယ်။ ကိုယ် အလုပ်မခံချင်တာကို သူများကို မလုပ်ပါနဲ့တဲ့။ ကိုယ်ချင်းစာတရားကို ပြောတာပေါ့။

ကဲ... တွေးစရာတွေ အများကြီးပေးလိုက်ပြီဖြစ်တယ်။ စဉ်းစားပါ။ စောစောက ပြောတာတွေကို ဆန့်ကျင်တွေးတောကြည့်ပါ။

ဆိုလိုတာက ဥပမာအားဖြင့်...

*'Time and tide wait for no man.* အချိန်နဲ့ဒီရေဟာ လူကို မစောင့်ဘူး'

ဒါ... ငါ ဘာလုပ်ရမှာလဲ။

သူ့ဘာသာသူ စောင့်ချင်စောင့် မစောင့်ချင်နေပါနဲ့ ဘာဆိုင်လဲလို့ တွေးနိုင်တာပေါ့။

ဒီတော့ ပြန်စဉ်းစားပေါ့။ လူတွေအားလုံးအတွက် တူညီတဲ့အချိန်တွေ ပေးထားတယ်။ အဲဒီအချိန်တွေကို ကောင်းကောင်းအသုံးချတယ်ဆိုရင် အောင်မြင်နိုင်မှာဖြစ်တယ်။ အောင်မြင်သူတွေ ဘာလုပ်လဲ။

သူများအိပ်နေတုန်း သူတို့မအိပ်ဘဲ ကြိုးစားနေကြလို့ပဲတဲ့။

အချိန်ရဲ့ အရေးပါပုံကို လက်တွေ့စမ်းကြည့်ပေါ့။

■



## ဘဝဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



## Happiness

Though he had Eden to live in
Man cannot be happy alone.

*Josephine Pollard*



## ဘဝဆိုတာ

ပျော်ရွှင်ခြင်း
အီဒင်ဥယျာဉ်ကြီးတစ်ခုလုံး ပေးထားပေမယ့်
ယောက်ျားတွေဟာ တစ်ယောက်တည်းနေရတာ
ကို မပျော်နိုင်ကြဘူး။

ဂျိုးဇက်ဖင်းပိုးလာဒ်

www.burmeseclassic.com

www.burmeseclassic.com



ဒါက ခရစ်ယာန်ဘာသာဝင်တွေရဲ့ အယူအဆ တွေနဲ့ နှိုင်းနှိုယ်ပြောတာပါ။

ယောကျ်ားတွေဟာ မိန်းမတွေနဲ့ နေမှသာ ဘဝ ပြည့်စုံတယ်လို့ ဆိုလိုတာပါ။

မြန်မာတွေကတော့ လူဟာ ဖြဟ္မာကြီးလေးဦး ကနေ ဆင်းသက်လာတယ်ဆိုတော့ အစကတည်းက နှစ်စုံတွဲ ဖြစ်လာနိုင်တာပါပဲ။

ဘယ်လိုဖြစ်ဖြစ် ဘဝအဓိပ္ပာယ်ရှိဖို့အတွက်တော့ တစ်ယောက်တည်း တည်ဆောက်လို့ မရကြဘူး။

အဲ… နှစ်ယောက်တည်းလည်း တည်ဆောက်လို့ မရပါဘူး။



လူငယ်တွေဟာ တစ်ဖက်က ပညာရှာ၊ တစ်ဖက် က ဥစ္စာရှာ၊ နောက်တစ်ဖက်ကလည်း မေတ္တာရှာ ကြတာပဲ။

ဒီ ၃ ခုအနက် ဘယ်ဟာ အရေးပိုကြီးသလဲလို့ မေးရင် တိကျတဲ့အဖြေကို ရမှာမဟုတ်ပါဘူး။

ဘာကြောင့်လဲဆိုတော့ လူတွေဟာ အတ္တကို ရှေ့တန်းတင်ကြပေမယ့်လည်း ဘယ်အရာကိုမှ တစ် ယောက်တည်း ပြီးမြောက်အောင် မစွမ်းဆောင်နိုင်ကြလို့ပဲ။

မွေးကင်းစက အတော်လေး အရွယ်ရောက်တဲ့ အထိ အမေက ပြုစုရတယ်။

စားရေးသောက်ရေးအတွက် အဖေက ရှာကြံ ရတယ်။

နောက်… ပညာသင်ဖို့ဆရာတွေကို အားကိုး ရတယ်။

ဒီအတောအတွင်းမှာ မိခင် ဖခင်တွေနဲ့ တဖြည်း ဖြည်း ကွာလှမ်းလာပြီး မိတ်ဆွေတွေနဲ့ ပျော်မွေ့လာ တယ်။

မိတ်ဆွေစစ် မိတ်ဆွေမှန်ကို ရှာလာတယ်။

ဒီထက်ပိုပြီး သံယောဇဉ်တွေ၊ အကြင်နာတွေ နဲ့ မိဘကိုယ်စားပြုစုမယ့်သူကတော့ ချစ်သူပဲပေါ့။

မိမိစိတ်ကြိုက် ချစ်သူကို ရတဲ့အခါ လက်ထပ် ကြတယ်။

ဒါကို မြန်မာတွေက အိမ်ရာထောင်တယ်လို့ ခေါ်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးဟာ ဒီလိုနဲ့ တိုးတက်ဖြစ်ထွန်းလာတယ်။


ဒါပေမဲ့... တစ်ဖက်ကလည်း ပညာနဲ့ဥစ္စာကို ကြိုးစားရှာဖွေကြတယ်။ ဘာကြောင့်လဲဆိုတော့ နောက်ဆက်တွဲတွေ အတွက်ပေါ့။ မိမိတို့မှာ မျိုးဆက်သစ်တွေ အတွက်ကို တာဝန်ရှိလာကြတယ်။

လူဟာ တစ်ယောက်တည်းမနေပါဘူး။ Man cannot be happy alone. တဲ့။

■



## အစစ်အမှန်



www.burmeseclassic.com

www.burmeseclassic.com



## The Law of Reality

People don't change.
Deal with them as they are.
Don't try to change others or expect them to change.
"What you see is what you get.'

Unconditional acceptance of others is the 'Key of happy realtion.'

***Brian Tracy***



## အစစ်အမှန်

လူတွေ မပြောင်းတတ်ပါဘူး။
သူတို့ကို သူတို့အနေနဲ့ပဲ ဆက်ဆံပါ။
တခြားလူတွေကို ပြောင်းလဲသွားမယ်လို့ မျှော်လင့်ကာ သူတို့ကို ပြောင်းပစ်ဖို့ မကြိုးစားပါနဲ့။
'သင်မြင်တာဟာ သင်ရတာပါပဲ'
တစ်ဦးတစ်ယောက်ကို အရှိ အရှိအတိုင်း အကြွင်းမဲ့လက်ခံတယ်ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်ရေးဟာ ပျော်စရာ ဖြစ်မှာပါပဲ။

ဘရိုင်ယင် ထရေစီ

www.burmeseclassic.com

www.burmeseclassic.com



'ရွှေငုံးမင်း အမြီးမျှော်သို့၊ ခရီးတော် နီးရက်နဲ့ဝေး' ဆိုတဲ့စကားကို ကြားဖူးကြပါလိမ့်မယ်။ ဒီအတိုင်းပဲ။

နေရာတကာ မဟုတ်ပေမယ့် အချို့နေရာတွေမှာ လူတွေဟာ မပြောင်းနိုင်ကြပါဘူး။

ဥပမာ...

ကျွန်တော်တို့တစ်တွေ ထမင်းစားနေရာက တစ်နေ့တလေ ပေါင်မုန့်စားကြည့်ပါလား။ မဝသေးဘူးလို့ပဲ ခံစားရသူတွေ များတယ်။

တကယ်တော့... ကျွန်တော်တို့ဟာ မဝတာ မဟုတ်ပါဘူး။ အကျင့်ပါနေလို့သာ ဖြစ်တယ်။

အဲဒီ ပမာဏကိုပဲ ဂျုံစားသူကို ကျွေးရင် လုံလောက်တယ်။

ဒီတော့ အစားအသောက်ကစပြီး မတူတာတွေ အများကြီးပါပဲ။

လူမှုဆက်ဆံရေးမှာ မတူတာတွေ ပိုများတော့ တာပေါ့။

ဒီအတွက်က ဘာလုပ်ရမလဲ။

အရှိကို အရှိအတိုင်းသာ လက်ခံထားပါ။

ပျော်စရာကောင်းတဲ့ဘဝကို ရမယ်တဲ့။

■



# ထူးချွန်မှု



www.burmeseclassic.com



## The Law of Excellence

Success and happiness are only possible when you become absolutely excellent at doing something you enjoy.

'The quality of your life will be determined by your commitment to excellence more than by any other factor.'

***Vince Lombardi***



## ထူးချွန်မှု

အောင်မြင်ခြင်းနဲ့ ပျော်ရွှင်ခြင်းတွေကို သင်ထူးချွန်ပေါက်မြောက် ဝါသနာပါတာကို လုပ်ရမှသာ ရနိုင်မှာဖြစ်တယ်။
သင့်ရဲ့ ဘဝအရည်အသွေးကို သင့်ရဲ့ ထူးချွန်မှုနဲ့သာ အဆုံးအဖြတ်ပြုတယ်။
တခြားဘာကမှ အဆုံးအဖြတ်မပေးဘူး။

*ဗင်း(စ်)လွန်ဘာဒီ*

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလူတိုင်းဟာ တစ်နေရာမှာ ထူးချွန်ကြတာချည်းပါပဲ။ ဒါဟာလည်း သင်ဝါသနာပါတာလေးတွေကို လုပ်ကြည့်မှသာ သိလာတာဖြစ်တယ်။

ဆိုးတာက လူအတော်များများဟာ မိမိ ဘာဝါသနာပါလဲဆိုတာ မသိကြဘူး။ ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက်နဲ့ အချိန်ကုန်နေတော့တယ်။ မိမိထူးချွန်တာနဲ့ ဝါသနာပါတာတွေကို ဘယ်လိုသိမလဲ။

တကယ်တော့ ဒီလိုသိချင်ရင် အလုပ်အတော်များများကို စမ်းသပ်လုပ်ကိုင်သင့်တယ်။ ဒီတော့ မိမိ စမ်းသပ်လုပ်ကိုင်ကြည့်တဲ့နေရာလေးတွေမှာ မိမိ ဘယ်နေရာတော်လဲ။ မိမိ ဘယ်ဟာလုပ်ရတာကို ပျော်သလဲဆိုတာကို ဂရုတစိုက်မှတ်သားပါ။ လူဟာ မကောင်းမှုမှာ မွေ့လျော်တယ်ဆိုပြီး မကောင်းတဲ့အလုပ်တွေမှာ ဝါသနာပါလို့တော့ မရဘူး။

ဗုဒ္ဓဘာသာမှာ မကောင်းမှုမှ အထူးရှောင်ရမယ်၊ ဝေးစွာ ရှောင်ရှားရမယ်လို့ ဆိုထားပါတယ်။ မိမိအနေနဲ့ ‘မကောင်းမှုဆိုတာ ဘာလဲ’ ဆိုတာကို သိအောင်ကြိုးစားရမယ်။

ဒီတော့ အဓိကအနေနဲ့ ပညာရှိမှကောင်းမှုနဲ့ မကောင်းမှုကို ခွဲခြားနိုင်မှာဖြစ်တယ်။ လူတွေအတွက် ပညာကတော့ လိုတယ်။ ဒါကြောင့် ပညာကို သင်ယူရမှာပဲ။ ဘဝဟာ တိုတောင်းလှပါတယ်။

ဒါပေမဲ့ မိမိထူးချွန်တဲ့နေရာမှာနေရရင် အဆင်ပြေမှာပဲ။

■



## ဖန်တီးမှု နိယာမ



www.burmeseclassic.com

www.burmeseclassic.com



## The Law of Creativity

Whatever your mind can conceive and believe it can achieve.

Every advance in your life begins with an idea of some kind, and since your ability to generate new ideas is unlimited your future will be unlimited as well.

***Brian Tracy***



## ဖန်တီးမှု နိယာမ

သင့်ရဲစိတ်က ဘာမဆိုဖြစ်နိုင်တယ်လို့ ယုံကြည်ထားရင် တကယ်လည်း လိုရာကို ရနိုင်တယ်။
သင့်ဘဝ တိုးတက်မှုတွေတိုင်းမှာ သဘောတရားတစ်ခုခုကြောင့်သာ ဖြစ်ရတယ်ဆိုတာ သတိပြုကြည့်ရှုပါ။
သင့်ရဲ့အရည်အချင်းဟာ အကန့်အသတ်မရှိပါဘူး။
ဒီတော့ သင့်ရဲ့အနာဂတ်အောင်မြင်မှုဟာလည်း ဘယ်မှာ ကန့်သတ်မှုရှိတော့မှာလဲ။

*ဘရိုင်ယင် ထရေစီ*

www.burmeseclassic.com

www.burmeseclassic.com



'စိတ်သာ ရှင်စောဘုရားဟော' ဆိုတဲ့ စကားကို သတိရမိတယ်။

မိမိစိတ်က ဦးဆောင်သွားတာတွေ လောကကြီးမှာ အများအပြားရှိတယ်လို့ ဆိုတယ်။

ဒါကြောင့် ဟာ... ဒါတော့ အလကားပါကွာလို့ နေ့တိုင်း ဆိုနေသူဟာ အလကားကောင်ကြီး ဖြစ်သွားတတ်တယ်လို့ လူကြီးမိဘတွေက ဆုံးမတတ်တယ်။



'မင်းတို့ယုံကြည်ရင် တကယ်ဖြစ်တယ်' ဆိုတဲ့ စကားကို ဆရာတစ်ယောက်က ပြောတော့... တပည့်တစ်ယောက်က စောဒက တက်တယ်။

'ဒါဆိုရင် စာမေးပွဲအောင်ချင်ရင် ယုံကြည်ဖို့လိုတာပေါ့'

'ဒါပေါ့ကွ'

'ဆရာရယ်... ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်။ စာမကျက်ဘဲ ယုံကြည်ရုံနဲ့ စာမေးပွဲအောင်ဖို့ ဖြစ်နိုင်ပါ့မလား'

သူ့စကားကို ဆရာက မဆိုင်းဘဲ ဖြေလိုက်တယ်။

'အေးကွာ... မအောင်နိုင်ဘူးပေါ့'

'ဟော... ဆရာက ယုံကြည်ရင်အောင်တယ်ဆို'

'ခု မင်းက ပြောနေတာပဲ။ စာမကျက်ဘဲ ယုံကြည်ရုံနဲ့ စာမေးပွဲအောင်ဖို့ ဖြစ်နိုင်ပါ့မလားတဲ့။ မဖြစ်နိုင်ဘူးလေ။

မင်းကိုယ်တိုင်ကမှ မယုံဘဲ။ ဘယ်လိုလုပ် အောင်မှာလဲ'

ဟုတ်ပါတယ်။ အောင်မြင်ဖို့ဆိုတာ မိမိကိုယ်မိမိယုံရမယ်။ ယုံဖို့အတွက် ကြိုးပမ်းဆောင်ရွက်ချက်တွေ ရှိရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သင့်ရဲ့ စိတ်စေ့ဆော် တိုက်တွန်းချက်တွေ၊ သဘောတရားတွေဟာ အလိုအလျောက်တော့ ဖြစ်ပေါ် မလာပါဘူး။

ယုံကြည်ချက်ဆိုတာ လေထဲမှာ တိုက်အိမ် ဆောက်တဲ့ စိတ်ကူးယဉ်မှုမျိုး မဟုတ်ပါဘူး။

■



## တရားသေ မထားရှိခြင်း



www.burmeseclassic.com



## The Law of Flexibility

Be clear about your goals:
Be flexible about the process of achieving them.
Flexibility and adaptability are the core qualities for success in an age of rapid change.
Competition and obsolescence.

***Brian Tracy***



## တရားသေ မထားရှိခြင်း

လမ်းကြောင်းပျော့ပျောင်းခြင်း
သင့်ရဲ့ပန်းတိုင်ကို ရှင်းရှင်းလင်းလင်းဖြစ်ပါစေ။
ပန်းတိုင်ရောက်ဖို့နည်းလမ်းကို ပျော့ပျောင်းပါစေ။
တရားသေ မထားပါနဲ့။
လျှင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိတဲ့ခေတ်၊
ပြိုင်ဘက်တွေ အင်မတန်များတဲ့ခေတ်၊
အဟောင်းတွေဟာ ချက်ချင်းလိုလို ခေတ်မမီ
တော့တဲ့ခေတ်။
အဲဒီလိုခေတ်ကာလမှာ
ပျော့ပျောင်းခြင်း၊ လိုက်လျောညီထွေရှိခြင်း
တို့ဟာ အောင်မြင်ခြင်းရဲ့ မဏ္ဍိုင်ပင်ဖြစ်တယ်။

ဘရိုင်ယင်ထရေစီ

www.burmeseclassic.com

www.burmeseclassic.com



အရစ္စတိုတယ်က ပြောဖူးသတဲ့။

'ငါ ဘယ်ကို သွားနေလဲ'

'ငါ မသိ'

'ငါ ဘယ်က လာလဲ'

'ငါ မသိ' တဲ့။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တစ်တွေဟာ ခရီးသွားတွေဖြစ်ကြလို့ပဲ။

ဝိဇ္ဇာဆရာတွေက အဲဒီလို ပြောဆိုနေကြသလို သိပ္ပံဆရာတွေကလည်း...

'ကမ္ဘာကြီးဟာ spaceship တစ်ခုပါပဲတဲ့၊ အာကာသယာဉ်ကြီးပါပဲ' တဲ့။

ကမ္ဘာကြီးအပါအဝင် နက္ခတ်တာရာတွေဟာ 'ကျယ်' ထွက်နေတယ်။

သူတို့ဟာ အစုလိုက် အပြုံလိုက် အဝေးကို ခရီးနှင်နေတယ်တဲ့။

ဒါကြောင့်... အရစ္စတိုတယ်က 'ဘယ်ကို သွားနေတယ်၊ ဘယ်က လာခဲ့တယ်ဆိုတာကို မသိတာပဲဖြစ်တယ်လို့' ကောက်ချက်ချတယ်။



လူမှုအသိုက်အဝိုင်းကိုပြန်ကြည့်ရင် ၂၀ ရာစုက စတင်ပြီး အရှိန်အဟုန်ပြင်းထန်စွာနဲ့ တိုးတက်နေကြောင်းကို ထင်ရှားစွာမြင်နိုင်တယ်။ ယနေ့ ၂၁ ရာစုရောက်လို့ ရပ်မသွားဘူး။ တိုးတက်နေဆဲပဲ။ ဒီတော့... လူတွေမှာ ပြိုင်ဆိုင်မှုတွေ များလာတယ်။ ဒီနေ့ အဆန်းပေါ်လာပေမဲ့ နောက်နေ့မှာ အဲဒီအဆန်းထက် ပိုဆန်းတဲ့ အသစ်အဆန်း ပေါ်လာတဲ့ခေတ်ပါပဲ။

ဒီတော့... လူတွေမှာ ပန်းတိုင်တော့ရှိရမယ်။

ဒီပန်းတိုင်ကို မပြောင်းပေမဲ့ ပန်းတိုင်ကို ရောက်အောင် ချီတက်တဲ့လမ်းကိုတော့ ပြောင်းသင့်ရင် ပြောင်းရမှာဖြစ်တယ်။

ဥပမာ... မိမိမိတ်ဆွေတစ်ယောက်ဟာ အင်ဂျင်နီယာဘွဲ့ကို လိုချင်တယ်။

၁၀ တန်းမှာ အမှတ်နည်းသွားတဲ့ အဲဒီမိတ်ဆွေဟာ စက်မှုလက်မှုကျောင်း (AGTI) ကို တက်တယ်။

အဲဒီကနေ ဒီပလိုမာ ရတယ်။ နောက်မှတစ်ဆင့် စက်မှုတက္ကသိုလ်တက်ရတယ်။

မိမိပန်းတိုင်ဟာ ဘာလဲ၊ ဘယ်လိုလုပ်လို့ရှိရင် အဲဒီကိုရောက်မလဲဆိုတာကို သတိပြုရမှာဖြစ်တယ်။

မိမိရဲ့လမ်းကြောင်းကို ဂရုမစိုက်ရဘူးဆိုပေမဲ့ မကောင်းတဲ့လမ်းကိုတော့ ရွေးဖို့မသင့်ဘူး။

အချို့ပြောတဲ့စကား ရှိတယ်။

'ကြောင်ရုပ်နဲ့ ကြွက်သေသေ၊ ကြောင်အစစ်နဲ့ ကြွက်သေသေ၊ ကြွက်သေသည်သာ ပဓာန' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို ရာစုနှစ်ချီကာ လူတွေ ဆွေးနွေး ကြတယ်။

ဘာကြောင့်လဲဆိုတော့ ခိုးဆိုးတိုက်ခိုက်လာတဲ့ ဓားပြရဲ့ ချမ်းသာမှုဟာ မှန်ကန်တဲ့ ချမ်းသာမှုလို့ လူတွေ လက်မခံနိုင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ မတရားမှုဟာ လူ့ဘောင်အသိုက်အဝိုင်းကို ပျက်စီးစေလို့ပါပဲ။

ဒါကြောင့်... လမ်းကြောင်းဟာ ပျော့ပျောင်းရ တယ်ဆိုပေမယ့် မကောင်းတဲ့လမ်းကိုတော့ ပြောင်း မသွားရပါဘူး။

■



# ပေးကမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



## The Law of Giving

The more you give off yourself without expectation of return the more good will come back to you, from the most unexpected sources.

You will be truly happy when you feel that you are making a real difference in the world by serving others in some way.

***Brian Tracy***



## ပေးကမ်းခြင်း

သင် ဘာကိုမှ မမျှော်လင့်ဘဲ ပေးကမ်းစွန့်ကြဲ ကူညီပေးလို့ရှိရင်...
သင် ဘယ်လိုမှ မမျှော်လင့်ထားတဲ့ နေရာကနေ အကောင်းတွေဟာ သင့်ဆီကို ပြန်လည်ရောက် ရှိလာမယ်။
သူတစ်ပါးကို ကူညီခြင်းဟာ ကမ္ဘာကြီးမှာ ထူးထူးခြားခြားဖြစ်စေတယ်လို့ ယုံကြည်ရင်တော့ သင်ဟာ စစ်မှန်တဲ့ပျော်ရွှင်မှုကို ရရှိမှာ အမှန်ပါပဲ။

ဘရိုင်ယင်ထရေစီ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားလည်း ရှိတယ်။ 'ပေးကမ်းခြင်းသည် အောင်မြင်ရာ၏' တဲ့။

ဘာကြောင့်လဲ။

လူသားတွေ အားလုံးဟာ တစ်ယောက်ကို တစ်ယောက် မှီခိုနေရတယ်။



မိသားစုမှာ သားသမီးတွေက မိဘတွေကို မှီခိုရတယ်။

နောက်... သားသမီးတွေကြီးလာရင်လည်း မိဘအတွက် အထောက်အကူပြုတယ်။

မိတ်ဆွေ အပေါင်းအသင်း၊ သူငယ်ချင်းတွေဟာလည်း လူသားတွေအတွက် လိုအပ်တာတွေပဲ။

'တစ်ယောက်ကောင်းစားရင် တစ်ယောက်ကို မမည်' ဆိုတဲ့ စကားအတိုင်း သူငယ်ချင်းတွေဟာ တစ်ယောက်နဲ့တစ်ယောက် အကူအညီရကြတယ်။

နေရာတကာမှာ စိတ်ကောင်း စေတနာကောင်းတဲ့ လူတွေ ရှိပါတယ်။

မိမိဘဝမှာ အဆင်ပြေနေတဲ့လူတွေဟာ လူတိုင်းကို မကူညီနိုင်ရင်တောင် အကူအညီလိုနေသူတွေကို ကူညီတတ်တာကို တွေ့ရတယ်။

မှန်မြတ်ပါတယ်။

ကူညီခြင်းအတွက် ရရှိတဲ့ ပီတိကို truly happy လို့ ဘရိုင်အင်ထရေစီက ဖော်ပြထားတယ်။

truly happy ဆိုတာ စစ်မှန်တဲ့ ပျော်ရွှင်မှုလို့လည်း ဆိုနိုင်တယ်။ ဒီအတွက် ရရှိတဲ့ ပီတိ ကြည်နူးတဲ့ စိတ်အစဉ်ဟာ ပျောက်ပျက်သွားတဲ့အမျိုးမဟုတ်ဘူး။ မိမိဆီမှာ ထာဝရတည်နေတဲ့ ပျော်ရွှင်မှုသာဖြစ်တယ်။

လူသားသဘာဝ မိမိသည်လည်း အကူအညီလိုတာပဲ။

www.burmeseclassic.com

www.burmeseclassic.com




ဒီအခါ ကမ္ဘာကြီးမှာ ထူးထူးခြားခြား ကူညီသူများကို တွေ့ရမှာပါပဲ။

■



# စီးပွားရေးမှာ အောင်မြင်ခြင်း ဥပဒေသ



www.burmeseclassic.com

www.burmeseclassic.com



## The Law of Differentiation

Every product or service must be different and better in some unique way to succeed in a competitive market place.

Your competitive advantage must be perceivable, promotable and something the market will pay for.

***Brian Tracy***



## စီးပွားရေးမှာ အောင်မြင်ခြင်း ဥပဒေသ

ထုတ်ကုန်ပစ္စည်း ဒါမှမဟုတ် ဝန်ဆောင်မှုတွေ
ဟာ တစ်မျိုးတစ်ဘာသာ ခြားနားပြီး ကောင်းမွ
မယ်ဆိုရင်...
ဈေးကွက်မှာ အောင်မြင်နိုင်တယ်။
သင့်ရဲ့ ကောင်းတဲ့ ယှဉ်ပြိုင်ခြင်းကနေ
ကောင်းတဲ့ ရလဒ်တွေကိုတော့
ဈေးကွက်မှာ မြင်လာ ငွေ့လာမှာပါ။

ဘရိုင်ယင်ထရေ

www.burmeseclassic.com



ကျွန်တော်တို့က ပစ္စည်းအသစ်တွေကို သူများနဲ့ မတူ ထူးခြားစွာထုတ်လုပ်တာကို ခြားနားတယ်လို့ ယူဆကြတယ်။

ဒါပေမဲ့… စီးပွားရေးသမားတွေကတော့ ပစ္စည်းချင်းတူပေမယ့် ဝန်ဆောင်မှုကောင်းပစ္စည်း၊ ဈေးသက်သာတဲ့ပစ္စည်း၊ တာရှည်ခံတဲ့ပစ္စည်းတွေဟာ ဈေးကွက်ကို ထိုးဖောက်တယ်လို့ ဆိုတယ်။

ပစ္စည်းကြီးကြီးမားမားကို စကြည့်မယ်။

မော်တော်ကားဆိုပါတော့။

ဂျပန်ဟာ အမေရိကန်တို့ အင်္ဂလိပ်တို့လုပ်ခဲ့တဲ့ ကားကိုပဲ အတုခိုးလုပ်တာပါပဲ။ အထူးသဖြင့် သူဟာ အင်္ဂလိပ်ကားတွေကို အတုခိုးတယ်။ အင်္ဂလိပ်က လင်းရိဘာဆိုရင် သူက လင်းခရူဇာထုတ်တယ်။



ယနေ့ဈေးကွက်မှာ လင်းခရူဇာက ဈေးကွက်များး အရောင်းသွက်တယ်။ ဘာကြောင့်လဲဆိုတော့ သူက ပိုပြီး ကောင်းတဲ့ ဝန်ဆောင်မှုတွေပေးတယ်။ ထူးခြား ကောင်းမွန်မှုကို ပေးတာပဲပေါ့။

အသေးအမွှား အရောင်းအဝယ်ဆိုရင် တရုတ်က ဂျပန်ရဲ့ဈေးကွက်ကို အိုးခွက်ပန်းကန်တွေနဲ့ ဖောက်တာပဲပေါ့။ ပထမတော့ အမျိုးအစားမကောင်း၊ ဈေးပေါတဲ့ ပစ္စည်းကို မဝယ်ဘူးလို့ ဂျပန်တို့ ထင်နေရာက နောက်ပိုင်းမှာ အိုးခွက်ပန်းကန်ဈေးကွက်ကို တရုတ်က ထိုးဖောက်သွားတော့တာပဲ။

အိုးခွက်ပန်းကန်ထုတ်လုပ်တဲ့ ဂျပန်စက်ရုံ (၇၀၀) ကျော် ပိတ်လိုက်ရတယ်။

ဒီလိုသာဓကတွေ အများကြီးပဲ။

ကျွန်တော့်အတွေ့အကြုံတစ်ခုကို ပြောပြမယ်။

တက္ကသိုလ်ရောက်တဲ့အခါ ကျွန်တော့်သူငယ်ချင်းက ဆေးပေါ့လိပ်တွေရောင်းတယ်။ ကိုယ်စားလှယ်ယူတာ မဟုတ်ဘူး၊ ကိုယ်တိုင်ထုတ်လုပ်ရောင်းချတာ ဖြစ်တယ်။

သနပ်ဖက်လို့ခေါ်တဲ့ ဆေးလိပ် လိပ်တဲ့ဖက်ကို တောင်ကြီး၊ ကယားကနေ ယူတယ်။ ဆေးကို မြင်းခြံက ယူတယ်။ ပဲခူးတစ်ဝိုက်က ဆေးရိုးဝယ်။ ရန်ကုန်မှာ ဆေးတွေကိုစပ်ပြီး ဆေးလိပ်ခုံတွေမှာ ကုန်ကြမ်းပေး ကုန်ချောယူစနစ်နဲ့ လိပ်တယ်။

သူ… အောင်မြင်သင့်သလောက် အောင်မြင်ပါတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တီထွင်မှုမှာ ဝါသနာပါတယ်။ သဘာဝသံပုရာရည်တို့ မိတ်ကပ်သနပ်ခါးတို့ကို ကျွန်တော် စိတ်ဝင်စားတယ်။ ကျွန်တော့်သူငယ်ချင်းအဖေနဲ့ ဆွေးနွေးတော့...

'ပစ္စည်းဆိုတာ အသစ်ဖြစ်စရာ မလိုပါဘူး။ ဈေးကွက်ဟာ ပင်လယ်ရေပါပဲ။ သောက်သုံးလို့ မကုန်ပါဘူး။ တစ်ခုပဲရှိတယ်။ သူများနဲ့မတူတာကိုတော့ လုပ်ပါ' လို့ အကြံပေးတယ်။

ဆိုလိုတာက... သူဟာ ပစ္စည်းအသစ်အဆန်း တီထွင်တာကို အားမပေးဘူး။

သူက ကျွန်တော့်ကို အမွှေးတိုင်လုပ်စေချင်တယ်။ အဲဒီခေတ်က အမွှေးတိုင်လုပ်ငန်း ခေတ်မစားဘူး။ နိုင်ငံခြားက ဝင်တယ်။

ကျွန်တော် မလုပ်ဘူး။

နောက် ဆားလုပ်ငန်းလုပ်ဖို့ပြောတယ်။ နေလှမ်းဆားကို အိမ်သုံးဆား၊ စားပွဲတင်ဆားအဖြစ် ထုတ်ဖို့ပြောတယ်။ ကျွန်တော် မလုပ်ဘူး။

ဒီလိုနဲ့ ကျွန်တော်လည်း အသစ်အဆန်းတွေပဲ တီထွင်နေတာပဲ။

ကျွန်တော့်သူငယ်ချင်းမိသားစုဟာလည်း သူများတကာလုပ်ပြီးတဲ့ လုပ်ငန်းတွေကိုပဲ ဝင်လုပ်ကြတယ်။ ယနေ့မှာ သူတို့ သူဌေးတွေဖြစ်ကုန်ကြပြီ ဖြစ်တယ်။

ကျွန်တော်ကတော့ ဒုံရင်း ဒုံရင်းပဲ။

အောက်မှာပြောတာတွေကို လေ့လာကြည့်ပါ။



Your competitive advantage must be perceivable, promotable and something the market will pay for.

ပစ္စည်း ဒါမှမဟုတ် ဝန်ဆောင်မှုတွေဟာ တစ်မျိုးတစ်ဘာသာခြားနားပြီး ကောင်းမွန်မယ်ဆိုရင် ဈေးကွက်မှာ အောင်မြင်နိုင်တယ်။ ကောင်းမွန်လွယ်ကူတဲ့ နည်းပါ။

လက်တွေ့မှာတော့ မိမိကိုယ်တိုင်ဆောင်ရွက်ဖို့ လိုတာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com



## သောင်းပြောင်းထွေလာ
# **စဉ်းစားစရာများ**

ဒီကဏ္ဍမှာ ဘာသာစကားတွေမှာ ရှိတဲ့ လျှို့ဝှက်ချက်တွေကို သုံးထားတဲ့ ဟာသများကို အားလုံးရွှင်ပြုံးဖို့ တင်ပြထားပါတယ်။

BURMESE CLASSIC .com



# ကြီးတာဟာ ကောင်းတာလား



www.burmeseclassic.com

www.burmeseclassic.com



## Is Bigger Better?

Big doesn't means necessarily means better.
Sunflowers aren't better than violets.

*Edna Ferber*

## ကြီးတာဟာ ကောင်းတာလား .

ကြီးတိုင်း ကောင်းတာတော့ မဟုတ်ပါဘူး။
နေကြာပန်းတွေဟာ ဗိုင်အိုလက်ပန်းတွေထက်
ပိုကောင်းတာမှ မဟုတ်တာဘဲ။

အဒ်နာ ဖာဘာ

BURMESE CLASSIC .com



လူတွေဟာ မိုဘိုင်းဖုန်းကို သေးသေးကြိုက်တာ၊ သေးတာကို ဂုဏ်ယူတာ။

ဒါပေမဲ့ အိမ်ကြီးကြီးမှာနေချင်ကြတယ်၊ ကားကြီးကြီးကိုတော့ စီးချင်ကြတာပဲ။

ဒါပေမဲ့... ကြီးတိုင်း ပိုကောင်းတယ်လို့ အဓိပ္ပာယ်မဆောင်ပါဘူးတဲ့။

ဥပမာပြတာကတော့ sunflower နဲ့ violet ပန်းပေါ့တဲ့။

နေကြာပန်းဟာ ကြီးကြီးကားကားကြီးပါ။

violet ကတော့ အပြာရောင်ပန်းသေးသေးလေးပါပဲ။

ဆိုလိုတဲ့ အချက်ကိုတော့ နားလည်လွယ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စကားနိုင်လုလို့ကောင်းတဲ့ စကားစုတွေပါ။ စဉ်းစားစရာတွေ အများကြီးပါတယ်။

Sunflowers ဆိုလို့ ဗင့်ဆင့်ဗင်ဂိုးရဲ့ Sunflowers ဆိုတဲ့ ပန်းချီကားဟာ ဒေါ်လာသန်းပေါင်း များစွာတန်တယ်။

ဘုရားမတင်ကောင်းတဲ့ပန်း၊ ပန်းအိုးထိုးလို့ မကောင်းတဲ့ပန်းပေါ့။

တကယ်တော့ Sunflowers ဟာ လူတွေ အတွက် အင်မတန်အသုံးကျတဲ့ စားသုံးဆီကိုထုတ်ပေးတဲ့ ပန်းလည်း ဖြစ်တယ်။ သူဟာ ပန်းဘဝကပဲ အစေ့ထုတ် ပေးလို့ ထူးခြားတဲ့ပန်းလည်း ဖြစ်တယ်။

■

# နှစ်ဆယ်နဲ့ ငါးဆယ်



www.burmeseclassic.com

www.burmeseclassic.com



## Twenty and Fifty

The man who views the world at 50 the same as he did at 20 was wasted thirty years of life.

***Muhammed Ali***

## နှစ်ဆယ်နဲ့ ငါးဆယ်

အသက် ၅၀ မှာ ကမ္ဘာကြီးကိုမြင်တဲ့ အမြင်ဟာ
အသက် ၂၀ က အမြင်အတိုင်းပဲဆိုရင်တော့
ဒီလူဟာ နှစ် ၃၀ လုံးလုံးကို ဖြုန်းပစ်လိုက်တာပဲ။

*မိုဟာမက် အလီ*



လူတွေရဲ့အမြင်တွေဟာ ပြောင်းတယ်။

အသက်အပိုင်းအခြားကို လိုက်ပြီး အမြင်တွေ ပြောင်းတာပါပဲ။

တကယ်တော့ အမြင်ဆိုတာ လူတွေရဲ့ဒဿန ပါပဲ။

ဒါကို ကဗျာတွေ တေးတွေ ရေးပြီး လက်ဝှေ့ ထိုးတတ်တဲ့ ကဲစီးယပ်ကလေးလေ မိုဟာမက်အလီက ပြောခဲ့တာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဆိုလိုတာက အသက် ၂၀ အရွယ်က အတွေး အခေါ်ဟာ အသက် ၅၀ ရောက်တဲ့အထိ ရင့်ကျက်မှု မရှိဘူးဆိုရင် အလကားပဲတဲ့။

ဒါပေမဲ့ အသက်ကြီးလာလေလေ ပိုကောင်းလာ လေလေဆိုတာ အမြဲမဟုတ်ပါဘူး။

ဘာကြောင့်လဲဆိုတော့ ငယ်ငယ်ဘ၀က ရိုးသား ပြီး ကြီးလာမှ ပျက်စီးသွားသူတွေလည်း ရှိလို့ပါပဲ။

အဖြစ်အပျက်တစ်ခုကို ပြောပြမယ်။

ပြောတာတွေထဲမှာ နာမည်ကြီး ပန်းချီဆရာ တွေချည်းဖြစ်နေတာက တိုက်ဆိုင်တာပါ။ စာရေးသူ က တမင်ရည်ရွယ်ရွေးချယ် ဖန်တီးထားတာ မဟုတ်ပါဘူး။

လီယိုနာဒိုဒါဗင်ချီဆိုတဲ့ ပန်းချီဆရာကို ကြားဖူး မှာပါ။

သူရဲ့ မိုနာလီဇာဆိုတဲ့ပန်းချီကားကို လူတွေ သိကြတယ်။

လီယိုနာဒိုဒါဗင်ချီဟာ မီလန်မြို့မှာနေထိုင်စဉ်က 'ခရစ်တော်ရဲ့ နောက်ဆုံးညစာ' ဆိုတဲ့ ပန်းချီကားကို ရေးဆွဲရန် မော်ဒယ်လ်ထိုင်တဲ့လူကို ရှာခဲ့တယ်။

တစ်နေ့မှာ ရိုးသားဖြောင့်မတ်တဲ့မျက်နှာရှိတဲ့ သူငယ်လေးကို တွေ့သတဲ့။

လီယိုနာဒိုဒါဗင်ချီဟာ အဲဒီသူငယ်လေးကို ခရစ်တော်အဖြစ် မော်ဒယ်လ်ထိုင်ပေးဖို့ အကူအညီ တောင်းခံခဲ့တယ်။



သူငယ်ကလည်း ကြည်ကြည်ဖြူဖြူပဲ မော်ဒယ်လ် ထိုင်ပေးသတဲ့။

ဒီလိုနဲ့... ပန်းချီဆရာဟာ ခရစ်တော်နဲ့ နောက်လိုက်တွေရဲ့ပုံတွေကို ရေးဆွဲလို့ ပြီးသွားသတဲ့။

နောက်ဆုံးမှာ ခရစ်တော်ကို ရန်လုပ်တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ 'ယုဒ' ပုံတစ်ခုသာ လိုတော့ သတဲ့။

လီယိုနာဒိုဒါဗင်ချီဟာ ယုဒလိုကြမ်းကြုတ်တဲ့ သူကိုရှာတာ ၁၀ နှစ်တိုင်တိုင်ကြာသွားတယ်တဲ့။

တစ်ရက်တော့ ထောင်မှူးကို ခွင့်တောင်းကာ ထောင်ထဲကိုဝင်ပြီး ကြမ်းကြုတ်တဲ့လူကို ရှာဖွေသတဲ့။

အဲဒီထောင်ထဲမှာ ထောင်သားတစ်ယောက်ဟာ ယုဒကဲ့သို့ လောဘရမ္မက်တွေဖုံးလွှမ်းကာ ကြမ်းကြုတ်တဲ့ ပုံကို တွေ့ရတယ်။ ဒီတော့ လီယိုနာဒိုဒါဗင်ချီဟာ အဲဒီ လူကို မော်ဒယ်ထိုင်ပေးဖို့ ခွင့်တောင်းတာပေါ့။

ထောင်သားက ကြည်ကြည်ဖြူဖြူပဲခွင့်ပြုတယ်။

လီယိုနာဒိုဟာ အဲဒီပုံကိုဆွဲနေစဉ်မှာ ထောင်သား က မျက်ရည်တွေကျနေတော့ ပန်းချီဆရာက မေးတာပေါ့။

'ခင်ဗျား ဘာကြောင့် ဝမ်းနည်းနေတာလဲ'

'ကျွန်တော်ဟာ လွန်ခဲ့တဲ့ ၁၀ နှစ်က ခင်ဗျားကို မော်ဒယ်လ်ထိုင်ပေးခဲ့သူပါ။ ခင်ဗျားက ကျွန်တော့်ကို ရိုးသားသူဆိုပြီး ခရစ်တော်အဖြစ် ရေးဆွဲခဲ့တာကို သတိရလို့ပါ' လို့ ပြောပြလေသတဲ့။

www.burmeseclassic.com



လူဆိုတာ ၁၀ နှစ်အတွင်း အဲဒီလောက် ပြောင်းလဲတယ်။

■



# စာရေးဆရာများအတွက်



www.burmeseclassic.com

www.burmeseclassic.com



## စာရေးဆရာများအတွက်

အသက်အရွယ်နဲ့ ပတ်သက်ပြီး စာရေးဆရာတွေကို နှစ်မျိုးနှစ်စားမြင်ကြတယ်။

အချို့က အသက်ကြီးသူတွေကို ခေတ်မမီတော့ဟု ဆိုကာ ငယ်သူတွေကို အထင်ကြီးတယ်။

ငယ်သူတွေဟာ ပိုပြီးဆန်းသစ်တဲ့ အတွေးအခေါ် ရှိတယ်။ ဒါကြောင့် သူတို့ကို အထင်ကြီးတယ်။

ကျွန်တော့်ကို ဘယ်ဟာမှန်လဲလို့မေးရင် နှစ်ခုစလုံး မှန်တယ်၊ နှစ်ခုစလုံး မှားတယ်လို့ပြောမှာပဲ။

ဘာကြောင့် နှစ်ခုစလုံး မှန်ရလဲဆိုရင် စာရေးဆရာတွေထဲမှာ ပညာဗဟုသုတ အတွေ့အကြုံများသူတွေ ရှိတယ်။



ဒီအတိုင်းပဲ ငယ်ရွယ်သူတွေမှာလည်း ခေတ်မီဆန်းသစ်တဲ့ အတွေးတွေ၊ ခေတ်မီတဲ့ ပညာရပ်တွေ တတ်မြောက်သူတွေ မြောက်မြားစွာရှိတယ်။

ဒါပေမဲ့... ဒါဟာ အားလုံးအတွက်တော့ မမှန်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အသက်အရွယ်ဆိုတာ အားလုံးကိုဆုံးဖြတ်ပေးတာ မဟုတ်လို့ပါပဲ။

ဒါပေမဲ့... မြန်မာတွေဟာ မိမိထက် တစ်နေ့တစ်ရက် တစ်မနက်ကြီးသူတွေကိုတောင် ရှိသေကြတာမို့ သက်ကြီးရွယ်အို စာရေးဆရာတွေဟာလည်း နေရာရတာကို တွေ့ရပါတယ်။

အနောက်တိုင်းမှာတော့ ဒီသဘောတရားတွေဟာ ဒွန်တွဲလျက်၊ လွန်ဆွဲလျက်ရှိနေတာ အမှန်ပါပဲ။

အောက်ပါစာလေးကို ဖတ်ကြည့်ကြပါစို့။

Old wood best to burn,
Old wine to drink,
Old friends to trust,
Old authors to read.

***Sir Francis Bacon***

ထင်းဟောင်း (ထင်းခြောက်)များဟာ မီးကောင်းကောင်း လောင်တယ်။
နှစ်ချို့ဝိုင်အရက်ဟာ သောက်လို့မြိန်တယ်။
မိတ်ဟောင်းဆွေဟောင်းဟာ စိတ်ချရတယ်။
စာရေးဆရာ လက်ဟောင်းကြီးများရဲ့ စာဟာလည်း ဖတ်လို့ကောင်းတယ်။

ဆာဖရန်းစစ်ဘေကွန်

www.burmeseclassic.com

www.burmeseclassic.com



ဒါက ၁၆ ရာစုက အမြင်သာဖြစ်လို့ သိပ်တော့ မှန်မယ် မထင်ဘူးပေါ့။

ဒါပေမဲ့ စာရေးဆရာဟောင်းတွေရဲ့စာတွေကို ရှာဖွေဖတ်ကြည့်ပါ။ အင်မတန်ကောင်းတာတွေကို တွေ့ ရမှာ ဖြစ်တယ်။

အင်္ဂလိပ်စကားပုံတစ်ခု ရှိသေးတယ်။

New broom sweeps better. တဲ့။

တံမြက်စည်းသစ်ဟာ လှဲလို့ကောင်းသတဲ့။

ဆိုလိုတာကတော့ တံမြက်စည်းလိုပစ္စည်းတွေ ကျတော့ အသစ်က ပိုကောင်းတယ်ဆိုတဲ့သဘောပါပဲ။

ဒီစကားကို အလုပ်ဝင်တဲ့ လူသစ်တွေအတွက် သုံးလေ့ရှိတယ်။

ဘယ်လိုဖြစ်ဖြစ်ပါ၊ မျိုးဆက်သစ်စာရေးဆရာ လေးတွေထဲက အရေးကောင်းသူတွေ၊ အတွေးကောင်းသူ တွေ ထွက်နေကြမှာပဲ။ တစ်ချိန်မှာ သူတို့လည်း ဖွဲနပဲနဲ့ ကြိုးစားရင်းကနေ စာရေးဆရာကြီးတွေဖြစ်လာမှာ အမှန်ပဲ။

ဒီတော့ သူတို့ဟာလည်း...

♛

နောက်ထပ်တင်ပြသွားမှာက ကျွန်တော်တို့ပြော နေတဲ့ စကားတွေနဲ့ ပတ်သက်နေတာပါ။

'လူတွေဟာ သူ့သမိုင်းသူ ရေးကြတယ်' တဲ့။

ဒါက ဘာကိုဆိုလိုလဲဆိုတော့... လူတွေရဲ့ အကြောင်းဟာ သမိုင်းပဲပေါ့။



ကောင်းကောင်းလုပ်ရင် ကောင်းကောင်းဖြစ် တာပဲ။ မကောင်းတာလုပ်ရင် သူ့အနောက်က အရိပ် မည်းကြီးလိုက်နေမှာ ဆိုတဲ့ သဘောမျိုးပါပဲ။

တကယ်တမ်း အလုပ်လုပ်နေသူတွေအတွက် မိမိ သမိုင်း မိမိရေးဖို့အချိန် မရှိပါဘူးတဲ့။

The man who makes history
has no time to write.

***W. Metterenich***

သမိုင်းကို ဖန်တီးသူအတွက်
သမိုင်းရေးဖို့အချိန် မရှိဘူး။

ဒဘလျူမက်တာနစ်ချ်

သူဟာလည်း ၁၉ ရာစု နိုင်ငံရေးသမားဖြစ်တယ်။

သူ့ရဲ့ရည်ရွယ်ချက်ဟာ ဘာကို ဆိုလိုတာလဲ ဆိုတာကို တိတိကျကျမသိရဘူး။

သူက ကောင်းအောင်လုပ်၊ ကြီးကျယ်အောင် လုပ်ဖို့ တိုက်တွန်းတဲ့သဘောပဲ။

ဆိုလိုတာက အမြင်ဆိုတာ ဘက်ပေါင်းစုံကနေ ကြည့်လို့ရတယ်။

ကြီးကျယ်တဲ့လူတစ်ယောက်ဖြစ်လာရင် အဲဒီလူရဲ့ စကားတွေဟာ မော်ကွန်းဖြစ်လာတယ်။

ကမ္ဘည်းတွေထိုးကြတယ်။

တကယ်တော့ သူတို့စကားတွေဟာ အမှန်ချည်း သက်သက်မဟုတ်ပါဘူး။

ဒါပေမဲ့... သူဟာ တစ်နေရာမှာ ထင်ရှား

www.burmeseclassic.com



ကျော်ကြားရင် သူပြောတာတွေကို အဟုတ်ယုံမှတ်သူတွေ အများကြီးရှိတယ်။ နောက်လိုက်တွေလည်း များမယ်။

ဒါကြောင့် ဘယ်သူဘာပြောပြော အရမ်းကာရော တော့ မယုံကြဖို့လိုတယ်။

■



ရှူးတော့ ရှူးတာပေါ့ ဒါပေမဲ့...



www.burmeseclassic.com

www.burmeseclassic.com



ယခုဆောင်းပါးရဲ့ ပထမပိုင်းမှာ ဂျာမန်စာရေး ဆရာ၊ ကဗျာဆရာ၊ ငြိမ်းချမ်းရေးလိုလားသူ၊ ဟင်းနစ်ဟိန်းရဲ့ စာတစ်ပိုဒ်ကို ထုတ်နုတ်ပြမှာဖြစ်တယ်။

တကယ်တော့ သူဟာ စာကောင်းပေကောင်း များစွာရေးခဲ့သူဖြစ်ပြီး ဂျာမန်အစိုးရကို သရော်တဲ့စာများစွာ ရေးခဲ့သူဖြစ်တယ်။ တစ်ချိန်က သူ့စာတွေကို ဂျာမဏီမှာ ဖြန့်ချိခွင့် မရခဲ့ဘူး။

ယခုစာဟာလည်း သူ သရော်ထားတယ်လို့ တွေးကြည့်နိုင်ပါတယ်။

## The Law of Foolishness

He who never in life was foolish
was never a wise man.

***Heinrich Heine***

## ရူးခြင်း

ဘယ်အခါကမှ မရူးသွပ်ဘူးတဲ့သူဟာ
ဘယ်သောအခါမျှ ပညာရှိမဖြစ်။

*ဟင်းနစ်ဟိန်း*



မြန်မာစကား ရှိပါတယ်။ 'ပုထုဇနော ဥမ္မတ္တကော' တဲ့။ လူတိုင်းဟာ ရူးနေကြတာပါပဲ။

ဒါပေမဲ့… ဟင်းနစ်ဟိန်းက 'တစ်သက်မှာ တစ်ခါလောက်တော့ ရူးဖူးရမယ်' ဆိုတဲ့ သဘောမျိုးကို ဘာကြောင့်ပြောတာလဲ။

ဟင်းနစ်ဟိန်းရဲ့အလိုအရ လူတိုင်းဟာ ရူးနေတဲ့ အတွက် အရူးတွေကထောက်ခံတဲ့အရာတွေဟာ ပညာရှိ သူတွေရဲ့ အလုပ်တော့မဟုတ်ဘူးဆိုတာကို ဖော်ပြတာပဲ။

ဒါကြောင့်… လူတွေက ရူးတယ်လို့ပြောတဲ့ လုပ်ရပ်ဟာဖြင့် မှန်ကန်တဲ့လုပ်ရပ်တွေ ဖြစ်နိုင်တာပဲပေါ့။

တစ်နည်းပြောရရင် Foolishness ဆိုတာ မိုက်မဲခြင်း တစ်မျိုးပါပဲ။ လူတွေဟာ တစ်သက်မှာ အနည်းဆုံးတစ်ကြိမ်တော့ မိုက်မဲဖူးမှာ သေချာတာပေါ့။

ပညာရှိတွေ ရူးတာတွေကိုတော့ မှတ်တမ်းတွေ ရှိတယ်။

ပထမအနေနဲ့ တင်ပြမှာက 'အာခီမီဒီ' ဆိုတဲ့ ပညာရှိကြီးပဲ။ သူဟာ ဘုရင့်သရဖူကိုလုပ်တဲ့ ပန်းထိမ် ရွှေနိုးမနိုး ဖော်ထုတ်ပေးဖို့ တာဝန်ယူရတယ်။

သရဖူကို မဖျက်ဆီးဘဲ ဒီရွှေကို ဘယ်လိုလုပ်ပြီး စစ်မစစ် စစ်ဆေးလို့ရမှာလဲ။

ပညာရှိကြီးဟာ နည်းလမ်းရှာတယ်။

တစ်နေ့မှာ… သူဟာ ရေချိုးနေရာက

www.burmeseclassic.com

www.burmeseclassic.com



သိပ်သည်းဆတိုင်းပြီး ရွှေစစ်မစစ် ဖော်ထုတ်နိုင်တဲ့နည်းကို သဘောပေါက်သွားတယ်။

ဒီတော့... သူဟာ နန်းတော်ထဲကို ချက်ချင်းထွက်သွားတယ်။

ဆိုးတာက ရေချိုးခန်းကထပြီး အဝတ်မပါဘဲ နန်းတော်ထဲ ဝင်ပြေးသွားတာပါပဲ။

အဲဒီခေတ်က လူတွေဟာ အရှက်အကြောက်ကြီးလွန်းလို့ အာခီမီဒီကို အရူးလို့ပဲ သတ်မှတ်လိုက်ကြတယ်။

ဆိုလိုတာက အရူးကို သူလုပ်ချင်ရာ လုပ်ခွင့်ပေးတဲ့ သဘောပဲ။

နောက်တစ်ယောက်ကတော့ အိုင်းစတိုင်းပေါ့။

အိုင်းစတိုင်းဟာ ရူပဗေဒပညာရှင်ကြီးပဲ။ သူရူးတာတွေက အများကြီးပဲ။

တစ်ခုကတော့ သူ့ရဲ့အိမ်မှာ ကြောင်ကလေးတွေ မွေးတော့ ကြောင်ကလေးတွေ အိမ်ပြင်ထွက်လို့ရအောင် အပေါက်တစ်ခု ဖောက်ခိုင်းတယ်။

ဒီတော့... လက်သမားဆရာက ဒီမှာ အပေါက်တစ်ခုရှိတယ်လို့ အိုင်းစတိုင်းကိုပြတော့...

'ဒါဟာ ကြောင်မကြီးထွက်တဲ့ အပေါက်ပဲ။ ခုထပ်ဖောက်ခိုင်းတာ ကြောင်ကလေးတွေအတွက်လို့' စိတ်ရှည်လက်ရှည်ရှင်းပြသတဲ့။

ကဲ... ဘယ်သူ ရူးလဲ။

■



## မိန်းမတွေနဲ့ ပတ်သက်၍



www.burmeseclassic.com



## မိန်းမတွေနဲ့ ပတ်သက်၍

[ ၁ ]

ကျွန်တော့်ဆီမှာ သူငယ်ချင်းတစ်ယောက်ရှိတယ်။

သူဟာ အတော်စွာတယ်။ ကျွန်တော်က မိန်းကလေးတစ်ယောက်အကြောင်း အဆင်မပြေတာတွေပြောရင် 'ရှင့်အမေကော မိန်းမ မဟုတ်လား' လို့ မေးလေ့ရှိတယ်။

နောက်... ကြာလာတော့ ကျွန်တော်တို့က သူ့ကို 'ခလုတ်' လို့ အမည်ပေးတယ်။

'ခလုတ်ထိစရာ မလို'။

ခလုတ်ထိမှ အမိတစရာ မလို။

'ခလုတ်ကို တွေ့ အမိကို မမေ့' လို့ စကားတွင်တယ်။

မိန်းမတွေဟာ ကျွန်တော်တို့ကို နေရာတကာမှာ အနိုင်ယူဖို့ကြိုးစားကြတာဟာ ဘာသဘောကြောင့်လဲ ဆိုတာကို ဆရာတစ်ဦးကို မေးကြည့်တော့...

'ဟကောင်ရ... သူတို့မှာ နိမ့်ကျနေတယ်ဆိုတဲ့ အတွေးတွေ ဝင်နေတယ်။ inferiority complex ပေါ့' လို့ပြောတယ်။

'မိန်းမတွေဟာ ဒီအတွေးတွေ ဝင်နေတာကို



သူတို့ကိုယ်တိုင်လည်း သိတာမဟုတ်ဘူး။ သူတို့ဟာ ယောကျ်ားတွေနဲ့ တန်းတူရည်တူလိုက်ဖို့ ကြိုးစားတယ်။ တကယ်တော့ မမီဘူး။ ဟား... ဟား...'

'ဆရာ တကယ်ပဲ မိန်းမတွေဟာ ဉာဏ်ရည် မမီတာ ဟုတ်လား'

'ဘယ်ဟုတ်ရမှာလဲကွ။ သူတို့က ပိုတော်တဲ့ နေရာမှာ တော်တာတွေ အများကြီးရှိတယ်'

'ဘယ်နေရာတွေလဲ'

'မင်းကလည်းကွာ။ မင်းတို့ အသက်ရှင်လာအောင် ဆောင်ရွက်ပေးတဲ့ မင်းအမေကို ပြန်ကြည့်မှာလား၊ အိမ်ထောင်ကျနေတဲ့ မင်းအစ်မကိုပဲ ပြန်ကြည့်မှာလား'

'သူတို့က ဘာထူးလို့လဲ'

'သူတို့ဟာ အပင်ပန်းလည်း ခံနိုင်တယ်၊ ဖွဲ့လည်းရှိတယ်။ တစ်ချိန်တည်းမှာ အပြင်အလုပ်တွေလုပ်သလို အိမ်ရဲ့အုပ်ချုပ်မှုတွေကိုလည်း လုပ်တာပဲ'

'ဒါဆိုရင် ဆရာက သူတို့ ယောကျ်ားတွေကို မမီဘူးလို့ ဘာလို့ပြောရတာလဲ'

''ငါပြောတာက 'အတုလိုက်လုပ်လို့မမီတာ' ကိုပြောတာပါ''

'ယောကျ်ားသဘာဝ၊ မိန်းမသဘာဝ၊ တူမှ မတူတာ။ သူတို့ဟာသူတို့ အရှိတိုင်းသာ ဆောင်ရွက်ရင် တို့ထက် အများကြီးသာတယ်'

(ရှူးတိုးတိုး။ ဒါတွေကို မိန်းမတွေ မသိပါစေနဲ့)

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ဒီတော့ မိန်းမတစ်ယောက်ပြောတဲ့ အဆိုအမိန့် တစ်ခုကို ကြည့်ပါ။

**Words for Women**

Women have their faults
Men have only two faults;
Everything they say
And everything they do.
**Anon**

အမျိုးသမီးစကား

အမျိုးသမီးတွေမှာ သူတို့အပြစ်နဲ့သူ ရှိတယ်။
ယောကျ်ားလေးတွေမှာတော့ အပြစ်နှစ်ခုသာ ရှိတယ်။
တစ်ခုက သူတို့ပြောတဲ့စကားနဲ့ နောက်တစ်ခုက
သူတို့လုပ်တဲ့ အလုပ်။
(အမည်မသိ)

အတော်လေးကောင်းတဲ့ ဟာသလို့ ပြောမှာလား။ ဒါမှမဟုတ် ဉာဏ်ကောင်းတဲ့မိန်းမလို့ ပြောရမလားဘဲ။

[ ၃ ]

ဒီကိစ္စကို သူငယ်ချင်းတစ်ယောက်ကို ပြောပြတော့… မိန်းမတွေရဲ့ ဖြတ်ထိုးဉာဏ်တော့ ကြောက်ခမန်း



လိလိပဲလို့ ပြောပြတယ်။ သူ ပြောပြတာတွေကို ရေးပြပါမယ်။

တစ်ချိန်က… ရပ်ကွက်ထဲက စီးပွားရေးကြီးကြပ်ရေးကော်မတီထဲမှာ ကျွန်တော်လည်း ပါလာသည်။

ထိုအခါတွင် အထက်က ညွှန်ကြားချက်အရ သမဆိုင်များတွင် 'ပစ္စည်းများကို တွဲမရောင်းရ' ဟု ဆိုသည်။ ကျွန်တော်တို့အဖွဲ့လူကြီးက ဆိုင်ရှိအရောင်းနှင့် ပတ်သက်သူများကိုခေါ်ကာ ရှင်းပြသည်။

'ဥပမာဗျာ… ထီးက အရောင်းထိုင်းနေတယ်။ ခင်ဗျားတို့က ထီးနဲ့ဆပ်ပြာ တွဲရောင်းတယ်။ ဒီတော့ ဆပ်ပြာလိုချင်သူတွေ ထီးကို ပြန်ရောင်းကြရပြန်တယ်။ ဒါကြောင့်… တွဲမရောင်းပါနဲ့' လို့ ညွှန်ကြားလိုက်တယ်။ အစည်းအဝေးပြီးကာနီးမှာလည်း သေသေချာချာ မှာလိုက်တယ်။

'ဘယ်ပစ္စည်းကိုမှ တွဲမရောင်းရဘူး။ မဝယ်မနေရ ရောင်းရင် ခင်ဗျားတို့ အပြောင်းခံရမလား၊ အဖြုတ်ခံရမလားဘဲ'

နောက်တစ်ပတ်မှာ တိုင်စာရလို့ ကျွန်တော်တို့က ဆိုင်တစ်ဆိုင်ကို စစ်ရတယ်။

အဲဒီဆိုင်မှာ တာဝန်ရှိသူဆိုင်ထိုင်က အမျိုးသမီး နာမည်က ဒေါ်အေး။

သူ့ကို 'ပစ္စည်းတွေ ဘာလို့တွဲရောင်းလဲ' မေးတော့ 'ကျွန်မ မရောင်းရပါဘူး' လို့ ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျွန်တော်တို့က...

'မနေ့က ဖယောင်းတိုင်ဝယ်သူကို တွယ်ချိတ်တွေ ရောင်းလိုက်တယ် မဟုတ်လား' လို့မေးတော့...

'မဟုတ်ရပါဘူးတော် ကြံကြီးစည်ရာ'

'ဒေါ်အေး မလိမ်ပါနဲ့ ဟိုမှာ သက်သေရှိတယ်'

'မလိမ်ပါဘူး ဆရာရယ်။ အမှန်ပြောတာပါ'

'ဒီလူက သူ့ကို တွဲရောင်းတယ်ချည်း ပြောနေလို့'

'ခေါ်မေးပါ ဆရာရယ်။ ကျွန်မတို့က တွဲမရောင်းပါဘူး။ ဒီမှာ စာကပ်ထားပါတယ်။ တွယ်ချိတ် တစ်ဒါဇင်ဝယ်သူတိုင်း ဖယောင်းတိုင်တစ်ထုပ် ဝယ်ခွင့်ရှိတယ်လို့ ရေးထားတာပါ'

'ခင်ဗျာ'

'သူ... ဖယောင်းတိုင်ကို ဝယ်ချင်ဝယ်၊ မဝယ်ချင်နေ ကျွန်မတို့က မယူမနေရလို့ တွဲမရောင်းပါဘူး'

'ခင်ဗျာ'

'ဟုတ်ပါတယ်။ ဘာကိုမှ တွဲမရောင်းပါဘူး'

'ဒေါ်အေးရယ်...'

ကျွန်တော်တို့ ဘာပြောရမယ်ဆိုတာကို မသိတော့ဘူးတဲ့။

သူ ပြောပြတာပါ။

ဒါပါပဲ။

(ဥပဒေသ။ ရန်သူကို အထင်မသေးပါနဲ့)

ဒေါက်တာခင်မောင်ညို

---

ကောင်းသန့်စိစဉ်သည်

- ❋ ခေတ်မီသူတိုင်း ပါရဒိုင်းကို သိကြသည်။
- ❋ အောင်မြင်ကြီးပွားရန် တီထွင်ကြံဆနေသူတိုင်း ပါရဒိုင်းကို သိရမည်။
- ❋ အပြိုင်အဆိုင်စီးပွားရေးကို အလေးအနက်ထားကြသူတိုင်း ပါရဒိုင်းကို သိသင့်သည်။

## ဒေါက်တာခင်မောင်ညို

# ပါရဒိုင်း

စာမူခွင့်ပြုချက်၊ ၈၅၃/ ၂၀၀၄ (၉)

www.burmeseclassic.com